# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၄)ရက် ၊ တနင်္လာနေ့ ၊ (13-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ပြင်ဦးလွင်မြို့တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ စိန်ပန်းပြာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး



**နေပြည်တော် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)၌ ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ စိန်ပန်းပြာပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် အဖွဲ့ဝင်များ၊မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သားများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို မိုးရာသီအစတွင် နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပွဲများ ကျင်းပရသည်မှာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေး၊သစ်တောသယံဇာတများ

စာမျက်နှာ ၁၆ ကော်လံ ၁

**ဦးဆောင်စိုက်ပျိုးပေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် စိန်ပန်းပြာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## အနီးစခန်းလေဆိပ်ဖွင့်လှစ်ခဲ့သည့်အတွက် ပွင့်လင်းရာသီတွင် ပြင်ဦးလွင်သို့ ခရီးသွားပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထား



**ရန်ကုန် ဇူလိုင် ၁၂**

အနီးစခန်းလေဆိပ် ဖွင့်လှစ်ခဲ့သည့်အတွက် လာမည့် ပွင့်လင်းရာသီတွင် ပြင်ဦးလွင်သို့ ခရီးသွားပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်း ပြင်ဦးလွင်ဒီဇင်ဘာပန်းခြံတာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

"အနီးစခန်းလေဆိပ်ကို ဖွင့်လှစ်ပြီးသွားပြီဖြစ်တဲ့အတွက် ပြင်ဦးလွင်ဒေသရဲ့ စီးပွားရေးတိုးတက်ပြောင်းလဲမှုကို တွေ့မြင်ရမှာပါ။ ပြင်ဦးလွင်မှာ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်အပါအဝင် ပွင့်လင်းရာသီမှာ ခရီးသွားတွေများပါတယ်။ ရုံးပိတ်ရက်တွေရှိရင် ခရီးသွားမပြတ်ပါဘူး။ ခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်နေကြပါပြီ။ ကော်ဖီဆိုင်နဲ့ ဒေသအစားအစာတွေက နိုင်ငံခြားခရီးသွားတွေအတွက် ဆွဲဆောင်မှုတစ်ခုပါပဲ။ လေကြောင်းခရီးစဉ်နဲ့ပါ လာရောက်နိုင်တဲ့အတွက် မြို့ရဲ့ ခရီးသွားကဏ္ဍ၊ စီးပွားရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍတွေ တိုးတက်ပြောင်းလဲလာမယ့်အပေါ် အားလုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုနေကြပါတယ်"ဟု

စာမျက်နှာ ၁၉ ကော်လံ ၁

ပြင်ဦးလွင် ဒီဇင်ဘာပန်းခြံနှင့် ရေတံခွန်ပန်းခြံအလှကို တွေ့ရစဉ်။

**နေရောင်ခြည်စွမ်းအင် အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်ခြင်း**


စာမျက်နှာ - ၂၂

## တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# မိုးသည်းထန်စွာရွာသွန်းမှုနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်

မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရာသီရောက်တိုင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့ခံစားရလျက်ရှိသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများသည် မိုးတွင်းကာလတွင် ရေဘေးအန္တရာယ်ကို ခါးစည်းခံကြရသည်။ ထို့ကြောင့် မိုးရာသီတွင် ကြုံတွေ့ရတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုများ ပြင်ဆင်ထားကြရမည်ဖြစ်ပေသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် မိုးကြီးနိုင်ကြောင်း သိရသည်။

အဆိုပါ မိုးလေဝသဖြစ်စဉ်များကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပေရာ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်တို့ကို ကြိုတင်သတိပြုကြရန်လိုအပ်ပြီး ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုကြရန် လိုပေသည်။

သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော နေ့စဉ်မိုးလေဝသသတင်းများနှင့် သတိပေးချက်များကို အမြဲစောင့်ကြည့်နားထောင်ရန်၊ အရေးပေါ်အခြေအနေအတွက် အဝတ်အထည်၊ သောက်ရေ၊ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့်အရေးကြီးစာရွက်စာတမ်းများထည့်ထားသော အရေးပေါ်အိတ်တစ်ခုကို ကြိုတင်ပြင်ဆင်ထားရန်၊ ရေကြီးနိုင်သော မြေနိမ့်ပိုင်း သို့မဟုတ် မြေပြိုနိုင်သော တောင်စောင်းများအနီးတွင် နေထိုင်ပါက ဘေးကင်းရာကုန်းမြင့်ပိုင်း သို့မဟုတ် သက်ဆိုင်ရာကစီစဉ်ပေးသော ယာယီကယ်ဆယ်ရေးစခန်းများသို့ ကြိုတင်ရွှေ့ပြောင်းရန်တို့ ပြုလုပ်ကြရမည်ဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှု၊ ရေကြီးရေလျှံမှုစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်မှုကြောင့် လူနှင့်ကျွဲ၊ နွား တိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ လူနေအိမ်အဆောက်အအုံ များ ပျက်စီးခြင်းတို့ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပေရာ မိမိတို့နေထိုင်ရာ နေရာဒေသအနေအထားအလိုက် သတိပြုနေထိုင်ကြရန် လိုပေသည်။ သဘာဝဘေးအန္တရာယ်များဟူသည် ကြိုတင်ခန့်မှန်းနိုင်သော ဘေးအန္တရာယ်များရှိသကဲ့သို့ ကြိုတင်ခန့်မှန်းရန်ခက်ခဲသော ဘေးအန္တရာယ်များလည်းရှိရာ ကြိုတင်ခန့်မှန်းနိုင်သော ဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသော မိုးလေဝသ သတင်းများနှင့် သတိပေးချက်များကို ဂရုပြု၍ မှတ်သားလိုက်နာဆောင်ရွက်ကြပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ကြရန် အသိပေးနှိုးဆော် ရေးသားလိုက်ရပါသည်။

# ဝမ်းတွင်းမြို့နယ် ပန်းကြိုင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဝမ်းတွင်း ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းကြိုင်ကျေးရွာအုပ်စု ပန်းကြိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက စီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**အောင်ရဲကျော်**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၈၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၈၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၆၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၆၉၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၈၇၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်စတဲ့ သီးနှံတွေဖြစ်ပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၈၂၉ ဧက၊ ဝန်းသိုမြို့နယ်တွင်ဧက ၁၃၉၀နှင့် ပင်လည်ဘူးမြို့နယ်တွင် ဧက ၄၈၀ စုစုပေါင်း ၂၆၉၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေ



**ဇလွန် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းဌေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ဇူလိုင်လ ပထမပတ်မှစတင်၍ ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ရက်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၁၅၀၀ မှ ၂၂၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ထက် တော်တော်လေး အရောင်းအဝယ် ကောင်းနေပါတယ်။ စားသုံးသူများလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့စားတော်ပဲတွေက လက်ကျန်ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလာပါတယ်။ လက်ရှိ စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအားကောင်းလာတာ ဖြစ်ပါတယ်"ဟု ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းဌေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ပဲမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် စားတော်ပဲများအပါအဝင် အခြားပဲများကို ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ အရောင်းအဝယ်ကောင်းနေသည့် စားတော်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် ရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ပျော်ဘွယ် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွာသစ်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကိုရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၂၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင် ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၂၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၆၅ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ အစေ့ထုတ်ပြောင်း ကေ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ အစေ့ထုတ်ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ပင်သာ ကျေးရွာအုပ်စု ကျောက်ပုံကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပုံကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့်အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၅၈ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ပွင့်ဖြူမြို့နယ် ကျွန်းပင်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းပင်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျွန်းပင်စင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၃ ဦးကို ငွေကျပ် ၃၅ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၃၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၃၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် မေလက ကင်းမွန်ခြောက်ပိဿာချိန် ၂၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတစ်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၃၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်ခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်လိုအား ကောင်းလာခြင်းကြောင့် တင်ပို့အား တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဇွန်လအတွင်း ကင်းမွန်ခြောက်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ဇွန်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၃၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကင်းမွန်အစိမ်းတွေကို အရွယ်စုံအခြောက်ခံပြီး ဒီဘက်ကနေရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တာဖြစ်ပါတယ်။ ကင်းမွန်ခြောက်တွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ကင်းမွန်ခြောက်အပါအဝင် ရေထွက်ကုန်တွေကိုပါ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ကင်းမွန်များကိုဝယ်ယူပြီး စနစ်တကျ အခြောက်ခံကာ ကင်းမွန်ခြောက်အဖြစ် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကင်းမွန်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# မိမိကိုယ်ကို တည်ဆောက်

ချစ်နိုင်(စိတ်ပညာ)

**❖ "စိတ္တံ့ယသ န ကမ္ပတိ" လောကဓံကြုံ မဖြိုတမ်းပေါ့ မတုန်စမ်းနဲ့ စိတ်ခိုင်စေတဲ့ မင်္ဂလသုတ်ထဲမှာ - မိမိမှာ မေတ္တာစိတ်ထားအထုံအလေ့ နေ့စဉ်ပွားနေတယ်။ ဥပုသ်သီလကိုစောင့်တယ်။ သီလကို ဆောက်တည်တယ်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် နိုင်သမျှ စွမ်းသမျှကြိုးစားအားထုတ်ပြီး ကောင်းမှုကုသိုလ်တွေ လုပ်ဆောင်နေတယ်ဆိုတော့ကောင်းမှုကံတွေဟာ မိမိကိုထီးပမာအရိပ်မိုးပေးနေပြီး ဘေးအန္တရာယ်တွေ ကင်းဝေးအောင်၊ ဖယ်ရှင်းအောင် အကျိုးပြုပေးနေတာပေါ့။ ကောင်းမှုပြုက ကောင်းကျိုးရတဲ့ နိယာမသဘောပါပဲ။ ❖**

**နိဒါန်း**

ဘယ်သူနဲ့ ဘယ်သူ စကားများအငြင်းပွား ရန်ဖြစ်နေတယ်၊ ဘယ်အုပ်စုနဲ့ဘယ်အုပ်စု တိုက်ခိုက်နေကြတယ်၊ ဘယ်နိုင်ငံနဲ့ဘယ်နိုင်ငံ စစ်ဖြစ်နေကြပြီစသဖြင့်... တစ်ယောက်ချင်းမှလူအများထိ ရန်လိုတိုက်ခိုက် စစ်ခင်းနေကြခြင်းရဲ့ အကြောင်းရင်းတရားကိုအခြားသူများဘယ်လိုပဲပြောပြောစိတ်အလိုမကျမှု၊ ဒေါသထွက်မှုနဲ့ ရန်ဖြစ်ရတယ်ဆိုတဲ့ အခြေခံကတော့ သုံးချက် ရှိပါတယ်။

၁။ သီလနည်းရင် နီးရာလူနဲ့ ရန်ဖြစ်မယ်။

၂။ သမာဓိနည်းရင် မိမိကိုယ်နဲ့ ရန်ဖြစ်မယ်။ (ငါ့နှယ်နော် အသုံးမကျလိုက်တာ ညံ့လိုက်တာ မိမိကိုယ်ကိုအပြစ်တင်၊ ဒေါသဖြစ်၊ မကျေနပ်)

၃။ ပညာနည်းရင် တစ်လောကလုံးနဲ့ ရန်ဖြစ်တယ်။ (နေကလည်း ပူနိုင်ရန်ကောကွာ၊ မိုးကလည်း ရွာနိုင်လွန်းပါ့ကွာ စသဖြင့် အပြစ်တင်ဆဲဆို)

ဒါမျိုးတွေ မကြုံရအောင် ဝေးဝေးရှောင်နိုင်တဲ့ နည်းကောင်းတစ်ခု ပေးချင်တယ်။ ကြိုက်ရင်ယူပါလေ။ ပထမအဆင့်ကတော့ မေတ္တာစိတ်ကလေး မွေးဖို့လိုပေတယ်။ မိမိစိတ်မှာမေတ္တာကိန်းလာအောင် သုံးခုတော့အရင်လုပ်ရမယ်။

**၁။ သီလ ပြည့်စုံအောင် လေ့ကျင့်။**

**၂။ သမာဓိရှိအောင် သုံးသပ်ဆင်ခြင်။**

**၃။ ပညာပြည့်ဝလာအောင်လောကကိုနားလည်အောင် လေ့လာပါ။** ဒါမှသာ လောကနဲ့ အလိုက်သင့်လက်တွဲနိုင်ပါလိမ့်မယ်။ သို့မှသာ ရှင်သန်နိုင်မှာပါ။

**အောင်မြင်စေရာ**

မိမိကိုယ်ကို တည်ဆောက်နည်းတွေ၊ ပြောကြရေးကြ အကြံပေးကြတာ အမျိုးမျိုးအဖုံဖုံ ရှိကြပေလိမ့်မယ်။

စာရေးသူကတော့ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်များကိုအခြေခံပြီး ကိုယ့်ဘဝသင်ခန်းစာတွေက ထုတ်နုတ်သုံးသပ်ပြီး ဖော်ပြခြင်းဖြစ်ပါတယ်။ စာဖတ်သူဖတ်ရှုပြီးရင် စဉ်းစားပေါ့။ မိမိကိုယ်ကို တည်ဆောက်မြှင့်တင်နိုင်ဖို့ရာ ဆောင်ရန်အချက် ခုနစ်ချက်တင်ပြပါမယ်။

**၁။ မေတ္တာဓာတ် ကြီးမားပါစေ ။**

**၂။ ကြည်လင်တဲ့ မျက်နှာထားရှိပါစေ။**

**၃။ စကားချိုသာ ယဉ်ကျေးပါစေ။**

**၄။ အလိုလိုခွဲခြားသိမြင်နိုင်စွမ်း ထက်မြက်ပါစေ။**

**၅။ ရောင့်ရဲတင်းတိမ်နိုင်ပါစေ။**

**၆။ ဘေးရန် ကင်းရှင်း၊ ရန်တကာ လွတ်ကင်းပါလိမ့်မယ်။ (လက်တွေ့သိရမှာပါ)**

**၇။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထား။**

ပြောသလောက်လက်တွေ့မှာ မလွယ်လောက်ဘူးလို့ ယေဘုယျထင်စရာရှိပေမယ့် တကယ် စိတ်ပါလက်ပါ လိုက်နာကျင့်သုံး၊ လေ့ကျင့်လိုက်တဲ့အခါမှာ အံ့အားသင့်ရလောက်အောင် အမှန်ပဲထိရောက်အောင်မြင်တာကို ကိုယ်တိုင်ကိုယ်တွေ့ တွေ့မြင်ခံစားရပါလိမ့်မယ်။ ရေရေရာရာ သေသေချာချာ အကြောင်းအကျိုးနိယာမနဲ့ ဆက်စပ်ဖော်ပြတာမို့ ယုံယုံကြည်ကြည် လေ့ကျင့်ကြည့်နိုင်ပါတယ်။

**မေတ္တာဓာတ်**

မေတ္တာသတ္တောအနန္တရော။ မေတ္တာသဒ္ဒေါအနန္တော စသဖြင့် တရားဒေသနာလာ အဆိုအမိန့်တွေရှိခဲ့တယ်။ မေတ္တာလက်နက်ဟာ အခြားအရာများထက် အစွမ်းအထက်ဆုံးပဲတဲ့။ မေတ္တာဓာတ်ရဲ့ အသံဟာ စကြဝဠာအနန္တကို လွှမ်းခြုံပြီး အဝေးဆုံးထိ ပျံ့နှံ့ရောက်ရှိနိုင်တယ်တဲ့ ။ မြတ်စွာဘုရားဟောကြားတဲ့ မေတ္တာသုတ်က တရားကျင့်တဲ့တောထဲက ရဟန်းတွေကို နှောင့်ယှက်နေကြတဲ့ တောစောင့်တောင်စောင့်နတ်တွေရဲ့ဘေးရန်က ကင်းဝေးစေခဲ့တာ လက်တွေ့ပါပဲ။

မေတ္တာသဟဂတေန စေတသာ၊ စသဖြင့်မိမိမှာ မေတ္တာစိတ်ကိန်းအောင်း တည်ရှိနေပြီဆိုရင် ဘယ်လိုအနှောင့်အယှက်၊ ဘယ်လိုအတားအဆီး၊ ဘယ်လောက်ကြီးမားတဲ့ ရန်သူအန္တရာယ်ဖြစ်စေ မိမိကို ဘေးတွေ့အောင် မလုပ်နိုင်တော့ပါ။

မေတ္တာရဲ့ အကျိုးအာနိသင်တွေ ကိုယ်တိုင်စတင်ကျင့်သုံးတာနဲ့ အကျိုး ၁၁ ပါးဟာ ချက်ချင်းရတာပဲ။ လက်တွေ့ကိုယ်တိုင်ခံစားရမှာ သေသေချာချာတွေ့ပြီ ။ ခိုင်မာတဲ့အကြံပြုချက်ပဲနော်။ မေတ္တာလှိုင်းတန်ခိုးတွေပြန့်ဖြာနေအောင် မေတ္တာပွားပါ၊ မေတ္တာပို့ပါ။

**ကြည်လင်တဲ့မျက်နှာ**

မျက်နှာရှစ်ခေါက်ချိုးနဲ့ ပုပ်သိုးနေတဲ့မျက်နှာမျိုးဟာဘယ်သူမှ ကျက်သရေမရှိနိုင်ပါ။ မျက်နှာက ကြည်လင်ရွှင်လန်းပြီး ပြုံးချိုအေးမြနေရပါမယ်။ လမင်းကိုကြည့်ရတာ ကြည့်လို့မဝအောင် မြင်ရသူ စိတ်အေးချမ်းသလိုပဲ၊ မိမိနဲ့မျက်နှာချင်းဆိုင်ရတဲ့ လူတွေကို စိတ်အေးချမ်းစေနိုင်ရပါမယ်။ ဒါဟာ မေတ္တာ စေတသိတ်ရှိနေတဲ့ တန်ခိုးပါပဲ။ ပုဗ္ဗေစ ကတပုညတာ၊ မေတ္တာစိက်ကုသိုလ်ရှိခဲ့လို့ "မျက်နှာမြင်ချစ်ခင်ပါစေ" ဆုတောင်းက အလိုလိုပြည့်စေတော့တာပဲ။ ငြူစူစောင်းမြောင်းတဲ့မျက်နှာ၊ မနာလိုဝန်တိုတဲ့ မျက်နှာ၊ မကျေနပ်မှုနဲ့ ခက်ထန်တင်းမာနေတဲ့ မျက်နှာတွေဟာ သူတစ်ပါးကို နေလိုမီးလိုပူလောင်စေတယ်။ ဘယ်သူမှ မကြိုက်ပါ။

မျက်နှာကြည်လင်ခြင်းဟာ ဝဏ္ဏာအဆင်းလှပခြင်းပါပဲ။ မိမိရဲ့ ကိုယ်ကျင့်တရားကောင်းမှုကုသိုလ်တရားများ နေ့စဉ်ပြုလုပ်မှု၊ မေတ္တာပို့ မေတ္တာပွားတဲ့ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာတွေက အကျိုးပေးတော့ မျက်နှာဟာ စိုပြည်ဝင်းလက်နေတာပဲ။

လူအများရဲ့ အားပေးချစ်ခင်မှု၊ ယုံကြည်လေးစားမှုနဲ့ ထောက်ခံဝန်းရံမှုတွေ အဆက်မပြတ် ရစေပါတယ်။ စေတနာကောင်းရင် ကံကောင်းနေမှာပါ။

**စကားချိုသာ**

"သုဘာသိတာစ ယာဝါစာ။ ချိုသာတဲ့စကားကို ပြောဆိုလေ့ရှိသူဟာ မင်္ဂလာရှိနေတော့တာပေါ့။ လူတကာက တွေ့ချင်တယ်၊ ကြားချင်တယ်။ နားဝင်ချိုတဲ့စကားမျိုးတွေ ပြောဆိုတတ်လို့သဘောကျကြတယ်။ ယဉ်ကျေးချိုသာတဲ့စကားကိုပြောဖို့ ငွေကြေးပေးပြီး ဝယ်စရာမလိုပါဘူး။ ပိုက်ဆံအကုန်အကျမရှိတာကို နှမြောတွန့်တိုမနေပါနဲ့။ "မင်္ဂလာပါ၊ နေကောင်းပါရဲ့လား" စသဖြင့် သူနှင့်ထိုက်တန်ရာအလိုက် ချစ်ချစ်ခင်ခင်၊ လေးလေးစားစား ဆက်ဆံပြောဆိုတတ်ရင် အောင်မြင်ကြီးပွားပြီ။ အထက်လူကို ပခုံးချင်းယှဉ်ချင်သလို၊ အောက်လူကို ဖိနှိပ် နှိမ်ချင်သလိုလို ပြောပေါက်ဆိုပေါက်တွေက လူကိုစက်ဆုပ်ရွံရှာစေပါတယ်။

**အလိုလိုခွဲခြားသိမြင် -**

ဒီအရည်အချင်းကတော့ စာများများဖတ်သူများမှာသိသိသာသာတိုးတက်လာတဲ့ အချက်ပါပဲ။ ဂန္ထဝင် ဝတ္ထုရှည်များ ထင်ရှားတဲ့ကဗျာများ၊ စာပေဆုရတဲ့ သမိုင်းအတ္ထုပ္ပတ္တိ အစရှိတဲ့စာကောင်းပေကောင်းတွေကို နေ့စဉ်လစဉ် ဖတ်ရှုလေ့လာနေသူ စာသမားမှာ လူတွေရဲ့စရိုက် လူတွေရဲ့သဘောသဘာဝတွေကို ပိုမိုသိမြင်နားလည်စေပါတယ်။ ရုရှားသမ္မတကြီး ဗလာဒီမာပူတင်ကတော့ ကမ္ဘာကျော်ရုရှားစာရေးဆရာကြီး ဖြိုဒေါ်ဒိုစတိုယက်စကီးရဲ့ဝတ္ထုရှည်များကို ဖတ်တဲ့လူနဲ့ မဖတ်တဲ့လူဟာ (လူ့သဘောလူ့သဘာဝကို သိမြင်နားလည်နိုင်စွမ်း) ကွဲကွဲပြားပြားကွာခြားတာကို တွေ့ရလိမ့်မယ်လို့တောင် ပြောဖူးခဲ့ပါတယ်။ စာဖတ်သူတွေမှ နား၊ မျက်စိ ပိုကျယ်တဲ့သဘော။ စာမဖတ် ပေမဖတ်လူပြိန်းတွေကတော့ သီလ၊ သမာဓိ၊ ပညာ နိမ့်နေကြမှာပါပဲ။

**ရောင့်ရဲတင်းတိမ်**

မြတ်စွာဘုရားဟောကြားတဲ့ မင်္ဂလာတရားတော်ထဲမှာ သန္တုဋ္ဌီစမင်္ဂလာဆိုတာ ပါပါတယ်။ လူတွေဟာ လောဘကြီးလေ ပူလောင်လေ။ ဒေါသကြီးလေလေ အမှန်အမှား၊ အကျိုးအကြောင်း မသိလေလေ၊ ညံ့ဖျင်းကြပေတာပေါ့။ လောကမှာ မိမိမှာ ရှိတာလေးနဲ့ပဲ ရောင့်ရဲတင်းတိမ်နိုင်သူဟာ အချမ်းသာဆုံးပါပဲ။ ဒီတော့ မိမိရသမျှ၊ ရှိသမျှ ကျေနပ်ရောင့်ရဲနိုင်စွမ်းရှိသူက မိမိစိတ်ကို ထိန်းသိမ်းနိုင်နင်းတဲ့သဘော၊ အေးချမ်းပြည့်စုံပေပြီ။ ဒါဟာ အလေ့အကျင့်နဲ့ ဉာဏ်အမြော်အမြင် ရင့်ကျက်ပါမှ ရနိုင်တာလေ။

**ဘေးရန်ကင်းကွာ၊ ရန်တကာအေး**

အန္တရာယ်အမျိုးမျိုး ကြုံရတဲ့အခါမှာ ဖြစ်စေ၊ မမျှော်လင့်ဘဲ အန္တရာယ်အတွင်းသက်ဆင်းကျရောက်ရတဲ့အခါမျိုးမှာပဲဖြစ်စေ မေတ္တာစိတ်ထား ပြည့်ဝသူဆိုတာ ထူးထူးခြားခြား လွတ်မြောက်တတ်တယ်။ လက်မတင်ကလေးတင် အံ့သြစရာကောင်းအောင် လွတ်ကင်းသွားရတတ်တယ်။

ဒါကတော့ သာဓကပြစရာအဖြစ်မှန် အတွေ့အကြုံတွေ အများကြီးပဲ။ ဖြိုဒေါ်ဒိုစတိုယက်စကီးရဲ့ဘဝ အကျဉ်းကျနေရာမှ သေဒဏ်ကျလို့ တန်းစီပစ်သတ်ခံရမယ့် စက္ကန့်ပိုင်းအလိုလေးမှာတင် အခြားသေဒဏ်ကျခံရသူတွေကြားမှ သူ့တစ်ယောက်ထဲအတွက် လွတ်ငြိမ်းခွင့်အမိန့်အတွက် ကံကောင်းထောက်မစွာရောက်ရှိလာခဲ့တယ်။ ကရာမာဇော့ညီအစ်ကိုများ ပြစ်မှုနှင့်ပြစ်ဒဏ် စတဲ့ကမ္ဘာကျော်ရုရှားဝတ္ထုရှည်ကြီးများကို စာရေးဆရာအဖြစ် ဖန်တီးရေးသားသွားခွင့်ရခဲ့တယ်၊ ထူးဆန်းတယ်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ

အကြင်သူသည် တရားကိုစောင့်၏။ ထိုသူအားတရားက ပြန်လည်စောင့်ရှောက်သည်ဆိုတဲ့ တရားတော်အဆိုအတိုင်းပါပဲ။ တရားမျှတမှု မှန်ကန်မှုကိုစောင့်ထိန်းရန်အတွက် ဘာဘေးရန်ကမှ မဖျက်ဆီးနိုင်ပါဘူး။ သူတော်ကောင်းကို နတ်ကောင်းမတယ်၊ နတ်မြတ် နတ်ကောင်း ကိုယ်စောင့်နတ်စသည့် မမြင်ရတဲ့နတ်တွေက တရားပြည့်ဝသူ မေတ္တာစိတ်ကြီးမားသူကို ကယ်တင်လေ့ရှိတာကိုး။

**စိတ်တည်ငြိမ်မှု**

"စိတ္တံ့ယသ န ကမ္ပတိ" လောကဓံကြုံ မဖြိုတမ်းပေါ့ မတုန်စမ်းနဲ့ စိတ်ခိုင်စေတဲ့ မင်္ဂလသုတ်ထဲမှာ – မိမိမှာ မေတ္တာစိတ်ထားအထုံအလေ့ နေ့စဉ်ပွားနေတယ်။ ဥပုသ်သီလကိုစောင့်တယ်။ သီလကို ဆောက်တည်တယ်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်နိုင်သမျှစွမ်းသမျှကြိုးစားအားထုတ်ပြီး ကောင်းမှုကုသိုလ်တွေ လုပ်ဆောင်နေတယ်ဆိုတော့ ကောင်းမှုကံတွေဟာ မိမိကိုထီးပမာအရိပ်မိုးပေးနေပြီး ဘေးအန္တရာယ်တွေ ကင်းဝေးအောင်၊ ဖယ်ရှင်းအောင် အကျိုးပြုပေးနေတာပေါ့။ ကောင်းမှုပြုက ကောင်းကျိုးရတဲ့ နိယာမသဘောပါပဲ။ ဆုတောင်းလို့ရခြင်းမဟုတ်၊ ကံဆိုတဲ့အလုပ် ကောင်းမှုကုသိုလ်လေးတွေက နေ့စဉ်နေ့စဉ် ကံသုံးပါးနဲ့ လုပ်ဆောင်နေလို့ စိတ်က ရင့်ကျက်တည်ငြိမ်နေပါပြီ။

**နိဂုံး**

အမှားတွေ၊ အလွဲတွေ၊ အမိုက်တွေ၊ အဆိုးတွေ ဘာမှမဝေခွဲတတ်ဘဲ ကြုံသလိုလုပ်ကိုင်နေတတ်သူတွေနဲ့ ဘုန်းချင်းကံချင်း သမ္မာချင်းမတူနိုင် မယှဉ်နိုင်ပါ။ မိမိကိုယ်ကို တည်ဆောက်ရာမှာ ကိုယ်တိုင်ရွေးချယ်တဲ့ လမ်းကြောင်းအတိုင်း မှန်မှန်ကန်ကန် လုပ်ဆောင်သူမို့ အောင်မြင်တိုးတက်မှုတွေ လူတကာထက် သာလွန်နေတာပေါ့။ စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူရမယ်။ စိတ်ကောင်း၊ နှလုံးကောင်း၊ စေတနာကောင်းနဲ့ လျှောက်လှမ်းတဲ့အခါ လူဟာ ဘယ်ခေတ်အခါ ဘယ်နေရာရောက်ရောက် အခက်အခဲများကို ဖြတ်သန်းကျော်လွှားသွားနိုင်မှာပါ။ တိုးတက်အောင်မြင်ကြပါစေ။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၇၆၀၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင်းမြ ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၇၆၀၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါးခယ်မမြို့နယ်တွင် မိုးစပါးလျာထား ၂၁၃၂၁၆ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါးဧက ၁၇၆၀၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါးဧက ၂၁၃၀၀၀ ကျော် လျာထား စိုက်ပျိုးနေပါတယ်။ လက်ရှိ မိုးစပါးဧက ၁၇၆၀၈၀ စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါး စိုက်ပျိုးဖို့အတွက် စပါးတွေ မစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေး နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်း ကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း စနစ်တကျအသုံးပြုနိုင်ဖို့ နည်းပညာပေး လုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေး ပြည့်မီရေးအတွက်လဲ ဆောင်ရွက် ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးစပါး စိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ ကရင်မ၊ ဗျောသုခ၊ ပေါ်ဆန်း၊ GW-11 ၊ GW-1စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးနေကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ်၌ နို့စားနွားမွေးမြူရေးလုပ်ငန်းမှ တန်ဖိုးမြှင့်နို့ထွက်ပစ္စည်းထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်အတွင်း၌ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကျေးရွာများနှင့် အသင်းများမှ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ နို့စားနွားမွေးမြူရေးလုပ်ငန်းမှ တန်ဖိုးမြှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲကို ဇူလိုင် ၁၁ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင် သမဝါယမဦးစီးဌာန ခရိုင်တာဝန်ခံက သမဝါယမအသင်းမှ ဆောင်ရွက်လျက်ရှိသော နို့စားနွားမွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက နို့စားနွား မွေးမြူရေးလုပ်ငန်းမှ တန်ဖိုးမြှင့်နို့ထွက်ပစ္စည်း(Value Added Products)ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ သင်တန်းပံ့ပိုးပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်ကျေးရွာများနှင့် သမဝါယမအသင်းများမှ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များ၊ စုစုပေါင်း နို့စားနွားမွေးမြူရေးလုပ်ငန်းရှင် ၆၃ဦး တက်ရောက်ခဲ့ကြကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ပြောပြ၍ သိရသည်။

**ဆက်လူ**

## မေတ္တာစိတ်

- လူသားကမ္ဘာ ငြိမ်းချမ်းသာရေး
  အလှူအဆင့် နိမ့်အမြင့်ကို
  တွက်ချင့်ခိုင်းနှိုင်း လူသားတိုင်း၏
  အရိုင်းငင်စိတ် လွင့်စဉ်ဖိတ်အောင်
  အရိပ်ဖွေရှာ ဆန်းစစ်ပါလျှင်
  မေတ္တာသည်သာ ပဓာန။

- မေတ္တာမဲ့ကင်း အတ္တနှင်း၍
  ချစ်ခြင်းကွယ်လျှိုး ရန်ဖွဲ့ငြိုးကာ
  ကိုးဝဂ္ဂဏ်အင် ပြည့်စုံလင်သည့်
  အရှင်ဗုဒ္ဓ ဂေါတမကို
  ယောက်ဖတော်စပ် ဆွေမျိုးထပ်သည့်
  ဒေဝဒတ်ရှင်မင်း မုန်းမာန်တင်း၍
  သင်းပင်းဖွဲ့နှောင်း ထိုတောင်စောင်းမှ
  ကျောက်မောင်းလိမ့်ချ ကြံစည်ကြ
  မေတ္တာကင်းပ ပူလောင်လှ။

- တရားရှင်ကား ချိုစကားနှင့်
  မြွက်ကြားဆုံးမ တရားပြလျက်
  ဖြူလွနှလုံး မေတ္တာမှုန်းခဲ့
  နောက်ဆုံးတစ်နေ့ အောင်ပွဲစံ
  မေတ္တာစိတ်ထား အရင်းခံ။

- ဩော်...
  လောကလူ့ရွာ ခဏလာခိုက်
  ပူဗျာသောက မိုက်မှောင်လှသည့်
  လောဘဒေါသ ငါအတ္တကို
  လွှားပဖယ်ရှင်း ဖြူစင်ခြင်းနှင့်
  သင်းပျံ့မွှေးကြူ မေတ္တာကူမှ
  စင်ဖြူဘဝ ငြိမ်းချမ်းကြလျက်
  အလှပန်းတွေ ပွင့်မည်တည်း။ ။

**ကိုမျိုး(ပွင့်ဦး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းပစ်မှတ်များကို ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ရုရှားတိုက်ခိုက်

မော်စကို ဇူလိုင် ၁၂

ရုရှား တပ်မတော်သည် ယူကရိန်းပြည်တွင်း စစ်ရေးပစ်မှတ်များကို ဇူလိုင် ၁၁ ရက်တွင် ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားတပ်မတော်၏ တိုက်ခိုက်မှုကြောင့် လူရှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်း တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်း မြောက်ပိုင်းရှိ မြို့ကြီးများဖြစ်သော ဆူမီမြို့နှင့် ဇာပိုရစ်ဇီယာမြို့တို့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။



ယူကရိန်းတပ်မတော်၌ လေကြောင်းရန် ကာကွယ်ရေးစနစ် ခဲယမ်းမီးကျောက်များ ပြတ်လပ်လာချိန်တွင် ယူကရိန်း ပြည်တွင်း ပစ်မှတ်များကို ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်းအနေဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ် အားနည်းချက်များကြောင့် အသံ၏မြန်နှုန်းထက်ပိုလှန်သည့် အမြန်နှုန်းဖြင့် ပစ်ခတ်နိုင်သော ရုရှားနိုင်ငံ၏ ဘာလစ်စလစ် ဒုံးကျည်များကို တားဆီးနိုင်စွမ်း မရှိသေးကြောင်း သိရသည်။

ရုရှား၏ စွမ်းအင်အခြေခံ အဆောက်အအုံများကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ယူကရိန်းက တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားတပ်မတော်က ယူကရိန်းပစ်မှတ်များကို တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တိုက်ခိုက်

ဝါရှင်တန် ဇူလိုင် ၁၂

ဟော်မုဇ်ရေလက်ကြားအတွင်း မောင်းနှင်နေသော ဆိုက်ပရပ်စ်မှတ်ပုံတင် ကုန်သေတ္တာတင် သင်္ဘောတစ်စီးကို အီရန်နိုင်ငံက တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်တပ်မတော်က ဇူလိုင် ၁၁ ရက်တွင် အီရန်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန် တော်လှန်ရေးအစောင့်တပ်က တိုက်ခိုက်ခဲ့သော ကုန်သေတ္တာတင်သင်္ဘောမှာ အမ်ဖွီကျီ အက်ဖ်အက်စ်ဂလက်စီ ကုန်သေတ္တာတင်သင်္ဘော တစ်စီးဖြစ်ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

အမ်ဖွီကျီအက်ဖ်အက်စ်ဂလက်စီ ကုန်သေတ္တာတင်သင်္ဘော တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဇူလိုင် ၁၁ ရက်တွင် အီရန်စစ်ရေးပစ်မှတ် ၁၄၀ ခန့်ကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် တပ်မတော်၏ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်တပ်မတော်ကလည်း ပင်လယ်ကွေ့ဒေသ နိုင်ငံများရှိ အမေရိကန် စစ်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မဟာဗျူဟာမြောက် ဟော်မုဇ် ရေလက်ကြားကိုလည်း တစ်ဖန် ပြန်လည်ပိတ်ဆို့လိုက်ပြီဖြစ်ကြောင်း အီရန်အစိုးရက ကြေညာထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ပြီးခဲ့သည့် ရက်ပိုင်းကလည်း သုံးရက်ကြာ အပြန်အလှန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ သုံးရက်ကြာတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် ဇွန် ၁၇ ရက်တွင် အီရန်နှင့်ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အဆုံးသတ်ခဲ့ပြီဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာထားကြောင်း သိရသည်။

Ref : RT
Trs : KKO



## အမေရိကန် ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် လင်ဆေးဂရေဟမ် အသက် ၇၁ နှစ်တွင် ကွယ်လွန်

နယူးယောက် ဇူလိုင် ၁၂

အမေရိကန် ရီပတ်ဘလီကန် အထက် လွှတ်တော်အမတ် လင်ဆေးဂရေဟမ်သည် ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် ကွယ်လွန်ခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တောင်ကာရိုလိုင်းနားပြည်နယ် ရီပတ်ဘလီကန် အထက် လွှတ်တော်အမတ် လင်ဆေးဂရေဟမ်သည် ကွယ်လွန်ချိန်တွင် အသက် ၇၁ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

အမေရိကန် မီဒီယာများ၏ အဆိုအရ ရီပတ်ဘလီကန်အထက်လွှတ်တော်အမတ် လင်ဆေးဂရေဟမ်သည် နှလုံးရောဂါကြောင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

လင်ဆေးဂရေဟမ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ပြင်းထန်စွာ ဝေဖန်ပြောကြားသူအဖြစ်မှ ဒေါ်နယ်ထရမ့်၏ အဓိက မဟာမိတ်အဖြစ် ပြောင်းလဲလာသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရမ့်က လင်ဆေးဂရေဟမ်သည် မိမိ သိကျွမ်းခဲ့ဖူးသမျှ အထက်မြက် ဆုံးသူများထဲတွင် ပါဝင်သကဲ့သို့ စိတ်ဓာတ်ပြင်းထန်သော မျိုးချစ် တစ်ဦးလည်း ဖြစ်ကြောင်း လင်ဆေးဂရေဟမ် ကွယ်လွန်ပြီးနောက် ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ ရေးသားထားသည်။

လင်ဆေးဂရေဟမ်သည်အစ္စရေးနှင့် ယူကရိန်းတို့ကို အခိုင်အမာ ထောက်ခံသူတစ်ဦးဖြစ်ပြီး အီရန်နိုင်ငံကိုပြင်းပြင်းထန်ထန်ဆန့်ကျင်သော ရီပတ်ဘလီကန် အထက် လွှတ်တော်အမတ်ဖြစ်သည်။

အခက်ခဲဆုံး အချိန်များတွင် အစ္စရေးနိုင်ငံဘက်မှ မားမားမတ်မတ်ရပ်တည်ပေးခဲ့သော လင်ဆေးဂရေဟမ် ကွယ်လွန်ခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းနည်းမိသည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးလ်ကတ်ဇ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသား ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အိန္ဒိယနိုင်ငံသား ခရီးသွား ၁၅ ဦးသေဆုံးခဲ့သော ရေယာဉ်တိမ်းမှောက်မှုအတွက် ရေယာဉ်မှူးကို ဗီယက်နမ် ဖမ်းဆီးထိန်းသိမ်း

ဟနွိုင်း ဇူလိုင် ၁၂

ဗီယက်နမ်တောင်ပိုင်း ဖူးကွတ်ကျွန်းအနီးဖြစ်ပွားခဲ့ပြီး ခရီးသည် ၁၅ ဦးသေဆုံးခဲ့သော ရေယာဉ်တိမ်းမှောက်မှုအတွက် ရေယာဉ်မှူးကို ဗီယက်နမ်ရဲတပ်ဖွဲ့က ယနေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ရေယာဉ်သည် ဖူးကွတ်ကျွန်း ကမ်းရိုးတန်းနှင့် သုည ဒသမ ၃ မိုင်အကွာ ရေပြင်အတွင်း ဇူလိုင် ၁၁ တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်တိမ်းမှောက်မှုကြောင့် အိန္ဒိယနိုင်ငံသား ခရီးသွား ဧည့်သည် ၁၅ ဦး သေဆုံးခဲ့ပြီး ကျန်လိုက်ပါလာသူများ အသက်ဘေးမှ ကင်းလွတ်ခဲ့သည်။

ရေယာဉ် နစ်မြုပ်ချိန်တွင် ရေယာဉ်ပေါ်၌ အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည် ၃၂ ဦးနှင့် ဗီယက်နမ် ရေယာဉ်ဝန်ထမ်း လေးဦးတို့ လိုက်ပါလာကြောင်း သိရသည်။

လက်ရှိတွင် ရေယာဉ်တိမ်းမှောက်မှုကို စုံစမ်းစစ်ဆေးနေပြီး အသက် ၅၇ နှစ်ရှိ ရေယာဉ်မှူးကို ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ဗီယက်နမ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များသော နိုင်ငံဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ဦးရေ ၇၅၀၀၀၀ ခန့်ထိ လာရောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO


## ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

တိုရွန်တို ဇူလိုင် ၁၂

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ ပွဲတော်တစ်ခု၌ ဇူလိုင် ၁၁ ရက် ညနေပိုင်းက သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အမျိုးသား နှစ်ဦး သေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် လက်တင်ပွဲတော်တစ်ခု ဖြစ်သော စိန့်ကလဲရားပွဲတော်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စိန့်ကလဲရား ပွဲတော်အတွင်း သေနတ်သမားနှစ်ဦး၏ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အမျိုးသားနှစ်ဦး သေဆုံး၍ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကနေဒါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။



လက်ရှိတွင် ရဲတပ်ဖွဲ့အနေဖြင့် သေနတ်ပစ်ခတ်မှု ကျူးလွန်သူများအဖြစ် ယူဆရသူများကို ဖမ်းဆီး ထိန်းသိမ်းနိုင်မှု မရှိသေးကြောင်း ကနေဒါရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

စိန့်ကလဲရား ပွဲတော်သည် ထင်ရှားသော လက်တင်အမေရိကယဉ်ကျေးမှုပွဲတော်ဖြစ်ပြီး ပရိသတ်ထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲလေ့ရှိသော ပွဲတော်ဖြစ်သည်။

တိုရွန်တိုမြို့သည် မြောက်အမေရိကဒေသ၏ ဘေးကင်းလုံခြုံမှုအရှိဆုံးမြို့ဖြစ်ပြီး ယခုကဲ့သို့ သေနတ်ပစ်ခတ်တိုက်ခိုက်မှုများမှာ ရှားပါးသည့် ဖြစ်စဉ် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုသစ် ၂၉ စင်းကို ဇူလိုင် ၁၁ ရက်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့




**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုသစ် ၂၉ စင်းကို ဇူလိုင် ၁၁ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုသစ် ၂၉ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာဂ့် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၂ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

စပေ့အိတ်ကုမ္ပဏီသည် B1071 အမည်ရှိ အထက်ပါ ပင်မဒုံးယာဉ်ကို ဇူလိုင် ၁၁ ရက် မစ်ရှင်အပါအဝင် မစ်ရှင်ပေါင်း ၃၅ ခုအတွက် အသုံးပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၁၁ ရက် စတားလင့်ခ် မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၈၁ ကြိမ်မြောက် ဖယ်လ်ကွန် -၉ မစ်ရှင်ဖြစ်သည်။

**Ref : Sputnik News**


**Trs : KKO**

## နာဆာ၏တက်စ်ဂြိုဟ်တုက ကြာသပတေးဂြိုဟ်ထက် အရွယ်အစား ၁ ဒသမ ၆ ဆ ပိုကြီးမားသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကိုရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ တက်စ်ဂြိုဟ်တုသည် ကြာသပတေးဂြိုဟ်ထက် အရွယ်အစား ၁ ဒသမ ၆ ဆ ပိုကြီးမားသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်ကို Gaia 23 bra b ဟူ၍ နာဆာ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။



Gaia 23 bra b ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၀၀၀၀ နီးပါးအကွာတွင်ရှိသည့် ကြယ်သိမ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။

Gaia 23 bra b ဂြိုဟ်ဗဟိုပြုလှည့်ပတ်နေသော ကြယ်သည် ဒြပ်ထုအားဖြင့် နေဒြပ်ထု၏ ၈၀ ရာခိုင်နှုန်းထိရှိကြောင်း တက်စ်ဂြိုဟ်တုမှရရှိသော သတင်းအချက်အလက်များအရ သိရသည်။

နာဆာအဖွဲ့သည် ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုကို ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်တွင် စပေ့အိတ်၏ ဖယ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက်ပိုင်းမှစ၍ လက်ရှိအချိန်ထိ တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းပြင်ပမှ ဂြိုဟ်သစ်ပေါင်း ၉၀၀ နီးပါးကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## တတိယမျိုးဆက် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုစင်းရေ ၁၀၀၀၀၀ လွှတ်တင်ခွင့်ရရန် စပေ့အိတ်အဆိုပြုထား

**ဝါရှင်တန် ဇူလိုင် ၁၂**

စပေ့အိတ်ကုမ္ပဏီသည် တတိယမျိုးဆက် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုစင်းရေ ၁၀၀၀၀၀ ကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ လွှတ်တင်ခွင့်ရရန် အမေရိကန်အစိုးရ ဖက်ဒရယ်ဆက်သွယ်ရေး ကော်မရှင်ထံ လျှောက်လွှာ တင်သွင်းထားကြောင်း ဇူလိုင် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပေ့အိတ်ကုမ္ပဏီ၏ အထက်ပါ အစီအစဉ်သစ်ကြောင့် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက် အရွယ်အစား လွန်စွာ ကြီးထွားလာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် စပေ့အိတ်ကုမ္ပဏီသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဂြိုဟ်တုစင်းရေ ၁၀၈၀၀ နီးပါးဖြင့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်ထားကြောင်း သိရသည်။

အလားတူ အထက်ပါစတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုသစ်စင်းရေ ၄၀၀၀ ခန့် ထပ်မံလွှတ်တင်ခွင့်ရရန် ဖက်ဒရယ် ဆက်သွယ်ရေး ကော်မရှင်၏ သဘောတူညီချက်ကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီက ထပ်မံလွှတ်တင်ရန် အဆိုပြုထားသည့် တတိယမျိုးဆက် စတားလင့်ခ် အင်တာနက်ဂြိုဟ်တုများမှာ တစ်စင်းလျှင် အလေးချိန်ပေါင် ၄၄၀၀ မှ ပေါင် ၅၅၀၀ ထိ ရှိမည်ဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီကဲ့သို့ပင် Amazon ကုမ္ပဏီနှင့် ဘလူးအော်ရီဂျင်ကုမ္ပဏီတို့ကလည်း ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်များ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs :KKO**

# HEALTH

## Parathyroid ဟော်မုန်းအသုံးပြုထားသည့် ကုထုံးသစ်တစ်မျိုးက ခါးနာရောဂါများကို ကုသရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇူလိုင် ၁၂**

ပါရာသိုင်းရွိုက် ဟော်မုန်း (Parathyroid Hormone) ခေါ် ဟော်မုန်းတစ်မျိုးကို အသုံးပြုထားသည့် ကုထုံးသစ်တစ်မျိုးသည် ခါးနာရောဂါများကို ကုသရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၁၁ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပါရာသိုင်းရွိုက်ဟော်မုန်းသည် ခါးနာရောဂါပုံစံအများအပြား၏ ဇီဝဗေဒနောက်ခံအကြောင်းတရားများကို ဖြေရှင်းပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ပါရာသိုင်းရွိုက်ဟော်မုန်းသည် လည်ပင်း၌ရှိသော ပဲစေ့ပုံစံပါရာသိုင်းရွိုက် ဂလင်းအိတ်များမှ သဘာဝအလျောက် ထုတ်ပေးသည့်ဟော်မုန်းတစ်မျိုးဖြစ်သည်။

အမေရိကန်သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းတွင် ကြွက်များကို အသုံးပြု၍ ပါရာသိုင်းရွိုက်ဟော်မုန်း၏ အာနိသင်ကို လက်တွေ့စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှပေါ်ထွက်လာသည့်ရလဒ်များအရ ပါရာသိုင်းရွိုက် ဟော်မုန်းထိုးနှံထားသည့် ကြွက်များသည် ကျောရိုးအပေါ် ဖိအားသက်ရောက်မှုဒဏ်ကို ခံနိုင်ရည်အားပိုရှိလာပြီး ကျောရိုးနာကျင်ကိုက်ခဲမှု ခံနိုင်ရည်လည်း ပိုအားကောင်းလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : XinhuaNews**

**Trs : KKO**

## ခြေလှမ်းမြန်သူ အသက် ၈၀ သက်ကြီးပိုင်းများ၌ တွေးတောဆင်ခြင်မှုစွမ်းရည် ကျဆင်းနိုင်ခြေနည်းပါး

**နယူးယောက် ဇူလိုင် ၁၂**

လမ်းလျှောက်ရာတွင် ခြေလှမ်းမြန်မြန် လျှောက်နိုင်သော သက်ကြီးပိုင်းများအနေဖြင့် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းနိုင်ခြေ နည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၄၀၀၀ နီးပါးတို့၏ နေ့စဉ်လမ်းလျှောက်မှုပုံစံများနှင့် ၎င်းတို့၏ ဦးနှောက်ကျန်းမာရေး အခြေအနေတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ လမ်းလျှောက်မြန်သည့် အသက် ၈၀ သက်ကြီးပိုင်းများသည် လမ်းလျှောက်နှေးသော သက်တူရွယ်တူများထက် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းနိုင်ခြေ ၅၀ ရာခိုင်နှုန်း နည်းပါးနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လမ်းလျှောက်ချိန်တွင် ကြွက်သားများသည် ဦးနှောက်ဆဲလ်များကြီးထွားမှုကို လှုံ့ဆော်ပေးနိုင်သော၊ ဇီဝဓာတုပြောင်းလဲမှုများကို ထိန်းညှိပေးနိုင်သော ကိုယ်တွင်းစနစ်များအပေါ် အကျိုးသက်ရောက်မှုရှိသည့် အချက်ပြမော်လီကျူးများကို ထုတ်လွှတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နိုစကိုဗာ ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၂**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့သော ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ချက်တင်းနစ်မယ်များဖြစ်ကြသည့် နိုစကိုဗာနှင့် မူချိုဗာတို့ ယှဉ်ပြိုင်ခဲ့ရာ နိုစကိုဗာက(၆-၂၊ ၅-၇၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲသည် ဗိုလ်စွဲရန် ရေပန်းစားနေသော တင်းနစ်မယ်စာရင်းတွင် ပါဝင်ခြင်းမရှိသည့် ပြိုင်ပွဲဝင်နှစ်ဦးက ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အသက် ၂၁ နှစ်ရှိ နိုစကိုဗာအတွက် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နိုစကိုဗာက "သိပ်ကိုကောင်းမွန်တဲ့ ရက်သတ္တပတ်နှစ်ပတ်ကို ဖြတ်သန်းခွင့် ရခဲ့ပါတယ်။ မျှော်လင့်မထားတဲ့ အောင်မြင်မှုကို ရယူနိုင်ခဲ့တဲ့အတွက် ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။ ဝမ်းနည်းမျက်ရည်ကျခဲ့သလို ပျော်လို့လဲ မျက်ရည်ကျခဲ့ပါတယ်။ ကျွန်မအနေနဲ့ ချန်ပီယံဖြစ်ခွင့်ရဖို့ ထိုက်တန်ခဲ့တယ်လို့လဲ ခံစားမိပါတယ်။ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ရက်သတ္တပတ်နှစ်ပတ်ဟာ ကျွန်မဘဝမှာ ဘယ်တော့မှမမေ့နိုင်တော့မဲ့ ရက်သတ္တပတ်နှစ်ပတ် ဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**

**Trs : AZL**



# ဆီနီဂေါအသင်းက နည်းပြသီယောကို ရာထူးမှ ထုတ်ပယ်

**လန်ဒန် ဇူလိုင် ၁၂**

ဆီနီဂေါအသင်းက ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြသီယောကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြသီယောသည် ဆီနီဂေါအသင်းကို ၂၀၂၄ ခုနှစ် စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၅ ခုနှစ် အာဖရိကဖလားပြိုင်ပွဲတွင် အသင်းကို ချန်ပီယံဆုဖလား ဆွတ်ခူး ပေးနိုင်ခဲ့သော်လည်း လက်ရှိ ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၃၂ သင်း ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ဆီနီဂေါအသင်းသည် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင်လည်း ရလဒ်များ ကောင်းမွန်ခဲ့ခြင်းမရှိခဲ့ဘဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် အီရတ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် အကောင်းဆုံး အုပ်စုတတိယဖြင့်သာ ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နည်းပြသီယောသည် ဆီနီဂေါအသင်းကို ၂၇ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၁၆ ပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ လေးဂိုးစီ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၁၂**



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ လေးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများ ရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်နှင့် ၁၃ မိနစ်တို့တွင် သက်နိုင်ဦးက ဂလက်ဆီ အက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ဂလက်ဆီ အက်ဖ်စီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် စစ်ကိုင်းယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေး ကစားခဲ့ရာ ပိုမိုအကြိတ်အနယ် ရှိလာခဲ့ပြီး ပွဲချိန် ၄၈ မိနစ်တွင် အောင်ကောင်းပြည့်၊ ပွဲချိန် ၅၄ မိနစ်၊ ၇၂ မိနစ်၊ ၈၁ မိနစ်တို့တွင် ပိုင်သက်ဦးက စစ်ကိုင်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများ သွင်းယူခဲ့သော်လည်း ပွဲချိန် ၇၅ မိနစ်တွင် မြင့်မြတ်အောင်နှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုသုံးမိနစ်တွင် ခွန်ထွန်းဝေတို့က ဂလက်ဆီအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများ ထပ်မံသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို စစ်ကိုင်းယူနိုက်တက်အသင်းမှ ပိုင်သက်ဦးက ဆွတ်ခူးခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ဇူလိုင် ၁၃ ရက်(**ယနေ့**)တွင် ISPE အသင်းနှင့် ဖယ်ကွန်အက်ဖ်စီအသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဖစ်ဇ်ပက်ထရစ်၊ လီမင်ဝူ၊ မက်အင်တိုင်ရီတို့က ပူးတွဲဦးဆောင်

**လန်ဒန် ဇူလိုင် ၁၂**

စကော့တလန်နိုင်ငံတွင် ကျင်းပနေသည့် Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်၊ သြစတြေးလျ ဂေါက်သီးရိုက်ကစားသမား လီမင်ဝူ၊ စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား တွမ်ကင်မ်၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် သောဘွန်ဆင်၊ ဂေါ့တာအပ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ထို့ပြင် ကမ္ဘာ့အဆင့်(၂)မြောက် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းသည် တတိယနေ့ပြီးဆုံးသည်ထိ ပုံစံကောင်းရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။

လီမင်ဝူက "တတိယနေ့မှာ မြူခိုးတွေပိတ်ဖုံးနေတော့ ကစားရခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့လဲ ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့တာကို ဝမ်းသာဂုဏ်ယူပါတယ်။ ရိုက်ချက်ကောင်းတွေလဲ ပြသနိုင်ခဲ့ပါတယ်။ နောက်ဆုံးနေ့မှာလဲ အခုလိုပဲ စွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Today**

**Trs : AZL**

# Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။



Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီက ရန်ကုန်အကယ်ဒမီအသင်းနှင့် JV FC အသင်းတို့ကစားခဲ့ရာ ရန်ကုန်အကယ်ဒမီအသင်းက ခြောက်ဂိုး နှစ်ဂိုး၊ နံနက် ၉ နာရီခွဲက YRG FC အသင်းနှင့် မဟာဘားမားအသင်းတို့ကစားခဲ့ရာ YRG FC အသင်းက ရှစ်ဂိုး ဂိုးမရှိ၊ နံနက် ၁၁ နာရီက ULAD FC အသင်းနှင့် Spartan Glory အသင်းတို့ ကစားခဲ့ရာ ULAD FC အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အသီးသီး အနိုင်ရခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲက SGF FC အသင်းနှင့် Shadow FC အသင်းတို့ကစားခဲ့ရာ SGF FC အသင်းက ကိုးဂိုး တစ်ဂိုး၊ မွန်းလွဲ ၂ နာရီက Gold Dream အသင်းနှင့် AC Milksteak အသင်းတို့ကစားခဲ့ရာ Gold Dream အသင်းက နှစ်ဂိုး တစ်ဂိုး၊ ညနေ ၃ နာရီခွဲက ပစိဖိတ်ဆန်းဖားအသင်းနှင့် DAE FC အသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက လေးဂိုး နှစ်ဂိုး၊ ညနေ ၅ နာရီက KKY FC အသင်းနှင့် JZ Yangon အသင်းတို့ ကစားခဲ့ရာ JZ Yangon အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အသီးသီး အနိုင်ရခဲ့ကြသည်။

Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၃ရက်(**ယနေ့**) နံနက် ၈ နာရီမှစတင်ပြီး ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ဥရောပ ယူ-၁၉ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်းကိုအနိုင်ရပြီး စပိန်အသင်း ချန်ပီယံဆုဖလား ဆွတ်ခူး




**မက်ဒရစ် ဇူလိုင် ၁၂**

ဥရောပ ယူ-၁၉ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်အသင်းနှင့် ဂျာမနီအသင်းတို့ကစားခဲ့ရာ စပိန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပိန်အသင်းက ပွဲစကတည်းက ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၄၄ မိနစ်တွင် လိုပက်ဇ်နှင့် ပွဲချိန် ၄၈ မိနစ်တွင် ရီဗက်တို့က စပိန်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သည်။

စပိန်အသင်းသည် ဥရောပ ယူ-၁၉ အမျိုးသားဘောလုံးပြိုင်ပွဲတွင် စုစုပေါင်း ပွဲစဉ်ငါးပွဲ ကစားခဲ့ရာ ငါးပွဲလုံး အနိုင်ရခဲ့သည့်အပြင် သွင်းဂိုး တစ်ဂိုးမျှ မပေးခဲ့ရဘဲ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ စပိန်အသင်းသည် ဥရောပ ယူ-၁၉ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ သုံးကြိမ်ဆက် တက်ရောက်နိုင်ခဲ့ကာ နှစ်ကြိမ် ချန်ပီယံဆုဖလားများ ဆွတ်ခူးခဲ့သည်။

ထို့ပြင် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့် စပိန်အသင်းနှင့်အတူ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြသည့် ဂျာမနီအသင်း၊ ခရိုအေးရှားအသင်း၊ ယူကရိန်းအသင်းတို့သည်လည်း ၂၀၂၇ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြသည်။

အဆိုပါပွဲစဉ်တွင် ချန်ပီယံဆုဖလားကို စပိန်အသင်း၊ ဒုတိယဆုကိုဂျာမနီအသင်းတို့က ဆွတ်ခူးခဲ့ပြီး သွင်းဂိုးအများဆုံး ကစားသမားဆုကိုလည်း စပိန်အသင်း တိုက်စစ်ကစားသမား မွန်ယန်တီက သွင်းဂိုး လေးဂိုးဖြင့် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဂတ်စီယက်က WBA ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့

**မော်စကို ဇူလိုင် ၁၂**

WBA ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ရုရှားလက်ဝှေ့သမား ဂတ်စီယက်နှင့် စိန်ခေါ်သူ ဂျာမနီလက်ဝှေ့သမား ကာဒီရှုတို့ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဇူလိုင် ၁၁ ရက်က ထိုးသတ်ခဲ့ရာ ဂတ်စီယက်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရပြီး လက်ရှိ ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂတ်စီယက်သည် ကာဒီရှုကို ခြောက်ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဂတ်စီယက်၏ အဓိကရည်မှန်းချက်မှာ ဟဲဗီးဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံတစ်ယောက်ဖြစ်ခွင့် ရရေးဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဂတ်စီယက်က "ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားတိုင်းရဲ့ အိပ်မက်ဟာ ကိုယ်ထိုးသတ်နေတဲ့ ဝိတ်တန်းမှာ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့် ရဖို့ပါ။ နောက်တစ်ဆင့်အနေနဲ့ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့်ရဖို့ပါပဲ။ လောလောဆယ်မှာတော့ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံနေရာ လစ်လပ်နေပါတယ်။ ခါးပတ်အားလုံးကိုသိမ်းပိုက်ပြီး ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံတစ်ယောက်အဖြစ် ရပ်တည်သွားနိုင်ဖို့ပါပဲ။ ခရူဆာဝိတ်တန်းမှာ တုန်းကလဲ ကမ္ဘာ့ချန်ပီယံခါးပတ် နှစ်ခု ပိုင်ဆိုင်ခဲ့ပါတယ်။ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံအတွက် ထိုးသတ်ခဲ့ပေမဲ့လဲ မအောင်မြင်ခဲ့ပါဘူး။ အခုဟဲဗီးဝိတ်တန်းမှာတော့ အောင်မြင်အောင် လုပ်ဆောင်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag

Trs : AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းကွင်းလယ်ကစားသမား ဘယ်လင်ဟမ် သွင်းဂိုး ခြောက်ဂိုးဖြင့် သွင်းဂိုးအများဆုံးစာရင်း၌ တတိယနေရာရောက်ရှိလာ

**လန်ဒန် ဇူလိုင် ၁၂**

အင်္ဂလန်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် နော်ဝေအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ တတိယနေရာရောက်ရှိလာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အင်္ဂလန်အသင်းက နော်ဝေအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဘယ်လင်ဟမ်သည် အသင်းအတွက် ပထမပိုင်း ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သကဲ့သို့ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို မိနစ် ၃၀ဆက်လက်ကစားခဲ့ရာတွင်လည်း ပွဲချိန် ၉၃ မိနစ်၌ သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ပြီးနောက် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သွင်းဂိုး ခြောက်ဂိုးထိ ရှိလာခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် နှစ်ပွဲတွင် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်၊ ၁၆ သင်း ရှုံးထွက်အဆင့်အဖြစ် မက္ကဆီကိုအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး၊ ယခု နော်ဝေအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့သည့်အတွက် စုစုပေါင်း သွင်းဂိုး ခြောက်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ပြင်သစ်အသင်းမှ အမ်ဘတ်ပီနှင့် အာဂျင်တီးနားအသင်းမှ မက်ဆီတို့က ရှစ်ဂိုးစီဖြင့် ပူးတွဲရပ်တည်နေပြီး နော်ဝေအသင်းမှ ဟာလန်းက ခုနစ်ဂိုး၊ အင်္ဂလန်အသင်းမှ ဘယ်လင်ဟမ်က ခြောက်ဂိုးဖြင့် ရပ်တည်နေကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# The $10^{th}$ Vietnam Junior Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်ကစားသမား ဇွဲညီညီ တတိယဆုရရှိ

**ရန်ကုန် ဇူလိုင် ၁၂**

ဇူလိုင် ၉ ရက်မှ ၁၁ ရက်ထိ ဗီယက်နမ်နိုင်ငံရှိ Silk Path Dong Trieu Golf & Country Club၊ Tam Hong Area တွင် ကျင်းပခဲ့သည့် The $10^{th}$ Vietnam Junior Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာလူငယ် ဂေါက်သီးရိုက်ကစားသမား ဇွဲညီညီ တတိယဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်ကစားသမား သုံးဦးဝင်ရောက်ယှဉ်ပြိုင်ရာ ဇွဲညီညီက ဆုရရှိခဲ့ခြင်းဖြစ်သည်။

The $10^{th}$ Vietnam Junior Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်အပါအဝင် ကိုရီးယား၊ ထိုင်း၊ မြန်မာနိုင်ငံတို့မှ အမျိုးသား ၈၅ ဦး၊ အမျိုးသမီး ၁၆ ဦးတို့သည် သက်တမ်းလိုက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့တွင် အသင်းခေါင်းဆောင်အဖြစ် ဦးခန့်သူ၊ ကစားသမားများအဖြစ် လင်းပြည့်မောင်၊ ဇွဲညီညီ၊ ရောင်နီအောင်တို့က သက်တမ်းအလိုက် ပြိုင်ပွဲအမျိုးအစားများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဇွဲညီညီသာ တတိယဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA




# မြန်မာအမျိုးသမီးလိဂ် ရတနာပုံအက်ဖ်စီနှင့် မြဝတီအသင်းတို့ပွဲစဉ်မှ ဖြစ်ရပ်အတွက် အရေးယူမှုများ လုပ်ဆောင်

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်း ထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီသည် ဇူလိုင် ၇ ရက်က ပဒုမ္မာအားကစားကွင်း၌ ကျင်းပခဲ့သည့် မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့်မြဝတီအသင်းတို့ပွဲစဉ်မှ ဖြစ်ရပ်အတွက် အရေးယူမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကွင်းလယ်ဒိုင်က ရတနာပုံအက်ဖ်စီအသင်းကို ပင်နယ်တီကန်သွင်းခွင့် ပေးခဲ့ရာ မြဝတီအသင်းမှ ကစားသမားများက ကွင်းလယ်ဒိုင်ကို ပြင်းထန်စွာ စောဒကတက်ခဲ့သည့်အပြင် ပွဲကို ဆက်လက် ကစားမည်မဟုတ်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည့်အတွက် ရတနာပုံအက်ဖ်စီအသင်းမှ ပင်နယ်တီကန်သွင်းမည့် ဝင်းသိင်္ဂီထွန်းက ပွဲရပ်နားမည်ကို စိုးရိမ်သည့်အတွက် ၎င်းတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပင်နယ်တီကို ဂိုးအပြင်သို့ ရည်ရွယ်ချက်ရှိရှိလွဲချော်အောင် ကန်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီက ရတနာပုံအက်ဖ်စီအသင်းမှ ဝင်းသိင်္ဂီထွန်းကို တစ်ပွဲပယ်ပြစ်ဒဏ်နှင့်ဒဏ်ကြေးငွေကျပ်နှစ်သိန်းကို ပေးဆောင်ရန်၊ ရတနာပုံအက်ဖ်စီ အသင်းမှ နည်းပြချုပ် ဦးဘိုဘိုအောင်သည် ပြိုင်ပွဲအပြီး မီဒီယာအင်တာဗျူးအစီအစဉ်တွင် ပြိုင်ပွဲ၏တာဝန်ကျဒိုင်လူကြီးများကို ဝေဖန်ပြောဆိုခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးမူ အပိုဒ် (၁၇)ကို ကျူးလွန်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ရတနာပုံအက်ဖ်စီအသင်းကို ဒဏ်ကြေးငွေကျပ် ခုနစ်သိန်း ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ မြဝတီအသင်း၏ ကစားသမားအချို့သည် ပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ကစားခြင်း မပြုရန် ဖိအားပေးပြောဆိုခြင်း၊ ကွင်းအတွင်းမှ ထွက်ခွာမည့် သဘောဆောင်သည့် ကိုယ်ဟန်အမူအရာတို့ ပြုမူခဲ့ခြင်းအတွက် မြဝတီအသင်းကို နောက်နောင် ထိုကဲ့သို့ပြုမူခြင်း ထပ်မံမဖြစ်ပေါ်စေရန်နှင့် အသင်းတာဝန်ရှိသူများက အထူးကြပ်မတ်ဆောင်ရွက်သွားရန် ပြင်းထန်စွာသတိပေးခဲ့ကြောင်း သိရသည်။


STA

# ကမ္ဘာပေါ်ရှိ ထူးခြားဆန်းပြားသတ္တဝါများ

ခိုင်ဇင်

**ယခင်တစ်ပတ်မှအဆက်**

**ဂေါ့ဘလင်ငါးမန်း (Goblin Shark)**



ဂေါ့ဘလင်ငါးမန်းဟာ ကမ္ဘာ့သမုဒ္ဒရာတွေရဲ့ ရေနက်ပိုင်းမှာ နေထိုင်တဲ့ ရှားပါးငါးမန်းမျိုးစိတ်တစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားတဲ့လက္ခဏာကတော့ ရှည်လျားပြီး ချွန်ထွက်နေတဲ့နှာခေါင်းပုံစံနဲ့ ရှေ့ဘက်ကို လျင်မြန်စွာထွက်လာနိုင်တဲ့ မေးရိုးဖြစ်ပါတယ်။ ဒီထူးခြားတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် အသက်ရှင်နေတဲ့ကျောက်ဖြစ်ရုပ်ကြွင်းလို့ ခေါ်ဆိုကြပါတယ်။ ဂေါ့ဘလင်ငါးမန်းရဲ့ မေးရိုးဟာ သားကောင်နီးကပ်လာချိန်မှာ လျင်မြန်စွာရှေ့ကို ထွက်လာပြီး ဖမ်းယူနိုင်ပါတယ်။ နှာခေါင်းမှာလဲ လျှပ်စစ်အာရုံခံအင်္ဂါတွေ ပါဝင်တာကြောင့် အလင်းရောင်မရောက်တဲ့ ရေနက်ပိုင်းမှာတောင် သားကောင်ရဲ့လှုပ်ရှားမှုကို အာရုံခံနိုင်ပါတယ်။

သူတို့ဟာ ငါးအသေးတွေ၊ ပြည်ကြီးငါးတွေနဲ့ ရေနေကျောရိုးမဲ့သတ္တဝါတွေကို အဓိကစားသုံးကြပါတယ်။ ဂေါ့ဘလင်ငါးမန်းတွေဟာ ပင်လယ်ရေအနက် မီတာရာပေါင်းများစွာ အောက်မှာနေထိုင်ကြတာကြောင့် တွေ့မြင်ရခဲပါတယ်။ လက်ရှိမှာတော့ သူတို့ရဲ့ပင်လယ်ရေနက်ပိုင်းဂေဟစနစ်ကိုနားလည်နိုင်ဖို့ သိပ္ပံပညာရှင်တွေ ဆက်လက်လေ့လာနေကြပါတယ်။

**ဖန်ဖား (Glass Frog)**



ဖန်ဖားဟာ အလယ်ပိုင်းနဲ့တောင်အမေရိကတိုက်ရှိ မိုးသစ်တောတွေမှာ နေထိုင်တဲ့ဖားမျိုးစိတ်တစ်မျိုး ဖြစ်ပါတယ်။ သူ့ရဲ့ ထူးခြားဆုံးလက္ခဏာကတော့ ဝမ်းဗိုက်အရေပြားဟာ ဖောက်ထွင်းမြင်ရလောက်အောင်ကြည်လင်နေပြီး နှလုံး၊ အသည်းနဲ့ အူတွေကို အပြင်ကနေမြင်နိုင်တာ ဖြစ်ပါတယ်။ ဒီလိုပွင့်လင်းမြင်သာတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံဟာ သစ်ရွက်တွေပေါ်မှာ နေထိုင်တဲ့အခါ သားရဲတိရစ္ဆာန်တွေရဲ့မျက်စိကို လှည့်စားနိုင်တဲ့ သဘာဝကာကွယ်ရေးနည်းတစ်ခုဖြစ်ပါတယ်။ ဖန်ဖားတွေဟာ ညဘက်မှာသာ အစာရှာထွက်လေ့ရှိပြီး အင်းဆက်ပိုးမွှားငယ်တွေကို အဓိကစားသုံးကြပါတယ်။

လက်ရှိမှာတော့ သစ်တောပြုန်းတီးမှု၊ ရေထုညစ်ညမ်းမှုနဲ့ ရာသီဥတုပြောင်းလဲမှုတွေကြောင့် ဖန်ဖားမျိုးစိတ်တချို့ဟာ မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့ အန္တရာယ်ကိုရင်ဆိုင်နေရပြီး သဘာဝနေရပ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**သင်းခွေချပ် (Pangolin)**

သင်းခွေချပ်ဟာ အာရှနဲ့အာဖရိကတိုက်တွေမှာ နေထိုင်တဲ့ နို့တိုက်သတ္တဝါတစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားဆုံး လက္ခဏာကတော့ ကိုယ်ခန္ဓာတစ်ခုလုံးကို မာကျောတဲ့ကြေးခွံတွေ ဖုံးအုပ်ထားပါတယ်။ ဒီကြေးခွံတွေဟာ လူ့လက်သည်းလို ကယ်ရာတင်ဓာတ်နဲ့ဖွဲ့စည်းထားပြီး သားရဲတိရစ္ဆာန်တွေရဲ့တိုက်ခိုက်မှုအန္တရာယ်ကနေ ကာကွယ်ပေးပါတယ်။ အန္တရာယ်ကြုံလာတဲ့အခါ သင်းခွေချပ်တွေဟာ ကိုယ်ကိုလုံးဝိုင်းအောင် ကွေးထားလိုက်တာကြောင့် သားရဲတိရစ္ဆာန်တွေဖမ်းယူဖို့ အလွန်ခက်ခဲပါတယ်။



သူတို့ဟာ ပုရွက်ဆိတ်တွေနဲ့ခြတွေကို အဓိကစားသုံးကြပြီး ရှည်လျားတဲ့လျှာကိုအသုံးပြုကာ အစာရှာဖွေကြပါတယ်။ သို့သော် တရားမဝင်အမဲလိုက်မှုနဲ့ ကြေးခွံရောင်းဝယ်မှုတွေကြောင့် သင်းခွေချပ်တွေဟာ ကမ္ဘာပေါ်မှာ မှောင်ခိုရောင်းဝယ်မှုအများဆုံးခံရတဲ့ နို့တိုက်သတ္တဝါအဖြစ် သတ်မှတ်ထားပြီး မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့ အန္တရာယ်ကို ရင်ဆိုင်နေရပါတယ်။

**ဂက်ကို (Leaf-tailed Gecko)**

ဂက်ကိုဟာ မက်ဒါဂက်စကာကျွန်းရှိ မိုးသစ်တောတွေမှာသာ တွေ့ရတဲ့ တွားသွားသတ္တဝါတစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားဆုံး လက္ခဏာကတော့ အမြီးနဲ့ကိုယ်ခန္ဓာဟာ သစ်ရွက်ခြောက်တစ်ရွက်နဲ့ အလွန်ဆင်တူနေတာဖြစ်ပါတယ်။ ဂက်ကိုရဲ့ထူးခြားတဲ့အသွင်ဖျောက်နိုင်စွမ်းကြောင့် သစ်ကိုင်းတွေ၊ သစ်ရွက်တွေပေါ်မှာကပ်နေရင် သားရဲတိရစ္ဆာန်တွေက အလွယ်တကူမမြင်နိုင်ကြပါဘူး။ သူတို့ဟာ အင်းဆက်ပိုးမွှားမျိုးစုံကို အဓိကစားသုံးကြပြီး ညဘက်မှာသာ လှုပ်ရှားသွားလာလေ့ရှိပါတယ်။ လက်ရှိမှာတော့ သစ်တောပြုန်းတီးမှုနဲ့ တရားမဝင်အိမ်မွေးတိရစ္ဆာန်ရောင်းဝယ်မှုတွေကြောင့် ဂက်ကိုရဲ့ သဘာဝနေရပ်တွေ လျော့နည်းလာနေပါတယ်။ ဒါကြောင့် မျိုးစိတ်ထိန်းသိမ်းရေးနဲ့ သဘာဝနေရပ်ကာကွယ်ရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်သင့်ပါတယ်။



**ဒမ်ဘိုရေဘဝဲ (Dumbo Octopus)**



ဒမ်ဘိုရေဘဝဲဟာ ပင်လယ်သမုဒ္ဒရာရဲ့အနက်ရှိုင်းဆုံး ရေအောက်ဒေသတွေမှာ နေထိုင်တဲ့ရေဘဝဲမျိုးစိတ်တစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားဆုံးလက္ခဏာကတော့ ဦးခေါင်းအပေါ်ဘက်မှာ နားရွက်နဲ့တူတဲ့ အတောင်နှစ်ဖက်ပါရှိတာပဲဖြစ်ပါတယ်။ ဒီအတောင်လေးတွေက နာမည်ကျော်ကာတွန်းဇာတ်ကောင် ဆင်ကလေးဒမ်ဘိုနဲ့ ဆင်တူတာကြောင့် ဒမ်ဘိုရေဘဝဲလို့ အမည်တွင်လာတာဖြစ်ပါတယ်။

ဒမ်ဘိုရေဘဝဲတွေကို ပင်လယ်ရေအနက် မီတာ ၃၀၀၀ မှ ၇၀၀၀ ကျော်ထိ နက်ရှိုင်းတဲ့နေရာတွေမှာ အများဆုံးတွေ့ရတတ်ပြီး ၎င်းတို့ဟာ ဖိအားအလွန်မြင့်မားကာ အလင်းရောင်မရောက်တဲ့ ပတ်ဝန်းကျင်မှာတောင် ကောင်းစွာရှင်သန်နိုင်ကြပါတယ်။

ဒမ်ဘိုရေဘဝဲတွေဟာ ဦးခေါင်းပေါ်က အတောင်နှစ်ဖက်ကို ငြိမ့်ညောင်းစွာခတ်ပြီး ရေထဲမှာရွေ့လျားသွားလာကြသလို လက်တံတွေကိုလဲ ဟန်ချက်ညီညီအသုံးပြုကာ အစာရှာဖွေကြပါတယ်။ အဓိကအစာကတော့ ပုစွန်အသေးတွေ၊ ခရုတွေ၊ ရေနေကျောရိုးမဲ့သတ္တဝါငယ်တွေနဲ့ ပင်လယ်ကြမ်းပြင်မှာ နေထိုင်တဲ့သတ္တဝါငယ်တွေဖြစ်ပြီး ၎င်းတို့ကို တစ်ကောင်လုံးမျိုချစားသုံးတတ်ပါတယ်။

ဒမ်ဘိုရေဘဝဲတွေရဲ့ သက်တမ်းအတိအကျကို မသိရှိရသေးပေမဲ့ ပင်လယ်နက်ပိုင်းမှာသာ နေထိုင်ကြတာကြောင့် ၎င်းတို့ရဲ့နေထိုင်မှုပုံစံနဲ့မျိုးပွားပုံအကြောင်းက သိပ္ပံပညာရှင်တွေ လေ့လာနေဆဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ရှင်သန်နေတဲ့သက်ရှိမျိုးစိတ်တိုင်းဟာ မတူညီတဲ့ ထူးခြားချက်တွေနဲ့ သဘာဝဂေဟစနစ်အတွက် ကိုယ်ပိုင်အခန်းကဏ္ဍကို ထမ်းဆောင်နေကြပါတယ်။ အချို့သတ္တဝါတွေက အလွန်ထူးဆန်းတဲ့ သွင်ပြင်ကို ပိုင်ဆိုင်ထားသလို၊ တချို့ကတော့ အံ့ဩဖွယ်ကောင်းတဲ့ ရှင်သန်နိုင်စွမ်းနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေနေထိုင်နိုင်တဲ့စွမ်းရည်တွေကို ပိုင်ဆိုင်ထားကြပါတယ်။

အဲဒီသတ္တဝါတွေဟာ သဘာဝဂေဟစနစ်ဟန်ချက်ညီမျှစေဖို့ အရေးပါတဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်နေကြတာဖြစ်ပါတယ်။ လူသားတွေအနေနဲ့လဲ ဒီလိုထူးခြားတဲ့ သက်ရှိမျိုးစိတ်တွေကို ပိုမိုသိရှိနားလည်ပြီး ၎င်းတို့ရဲ့သဘာဝနေရပ်တွေကို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်ပါတယ်။ သက်ရှိမျိုးစုံမျိုးကွဲတွေကို ကာကွယ်ထိန်းသိမ်းခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာမှာသာမက နောင်လာမဲ့မျိုးဆက်သစ်တွေအတွက် အဖိုးတန်တဲ့သဘာဝအမွေအနှစ်တွေကို လက်ဆင့်ကမ်းပေးရာလဲ ရောက်ပါတယ်။

ဒါကြောင့် ဇီဝမျိုးစုံမျိုးကွဲတွေ ရေရှည်တည်တံ့ဖို့အတွက် သဘာဝကိုတန်ဖိုးထားပြီး သက်ရှိမျိုးစိတ်တိုင်းကို အတူတကွ ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ရေးသားအပ်ပါတယ်။

**ကိုးကား**

**– NOAA Fisheries, National Geographic Animals, IUCN Red List**

# President U Min Aung Hlaing attends and leads planting of blue Jacaranda saplings at 2026 Monsoon Season National-Level Tree Planting Ceremony in Pyin Oo Lwin



**President U Min Aung Hlaing encourages those participating in the 2026 Monsoon Season National-Level Tree Planting Ceremony in Pyin Oo Lwin.**

**Nay Pyi Taw July 12**

The 2026 Monsoon Season National-Level Tree Planting Ceremony was held this morning at Maymyo Firewood Reserve, Plot No. (2), Pyin Oo Lwin Township, Pyin Oo Lwin District, Mandalay Region. President of the Republic of the Union of Myanmar U Min Aung Hlaing attended and led the planting of a blue Jacaranda sapling.

The ceremony was attended by members of the entourage accompanying the President on his trip, the Chief Minister of Mandalay Region, the Speaker of the Regional Hluttaw, the Commander of the Central Command, members of the Mandalay Region Government, senior military officers and Tatmadaw members from Pyin Oo Lwin Station, departmental officials at the regional, district, and township levels, social organizations, teachers, students, and responsible officials.

First, President U Min Aung Hlaing delivered a speech. He stated that the State annually organizes tree-planting ceremonies at the onset of the rainy season. The purpose of holding such events is to promote a green, lush, beautiful, and pleasant environment, to increase forest cover, to ensure the long-term sustainability of forest resources, to maintain a balanced ecosystem, and to help prevent natural disasters. He emphasized that these activities are carried out with these noble objectives in mind, fostering an appreciation for the value of forests and trees among the public. The State leads these efforts with public participation to encourage active involvement in forest conservation tasks.

He noted that forests and trees play a crucial role in the survival of all living beings, including humans, which is why tree-planting festivals are held annually across the nation, in states and regions. The first national-level tree-planting ceremony was held in Nay Pyi Taw on June 13, where 3,000 saplings were planted. Simultaneously, tree-planting events were held in regions, states, districts, and townships. A total of 111 tree-planting sites successfully planted 80,520 trees with public participation. On June 25, the second national-level tree-planting ceremony was held in Nay Pyi Taw, where 3,000 saplings of 14 species were planted. Today's national-level tree-planting ceremony is being held within the area where the Pyin Oo Lwin Greening Project is being implemented, specifically in Maymyo Firewood Reserve, Plot No. (2). A total of 3,000 trees of 8 species—Mahogany, Cherry, Sithapyay, Pyinkadoe, red Jacaranda, blue Jacaranda, star-flower, and Khatawmi—will be planted.

Starting this year, the Pyin Oo Lwin Greening Project is being initiated to transform Pyin Oo Lwin into a greener, healthier, happier, more sustainably developed, clean, and exemplary city, leveraging the region's cool climate and forests, so it can be bequeathed to future generations. As part of this project, efforts are underway to create forest plantations in blocks on the southern, northern, and eastern sides of Pyin Oo Lwin. This year, the initial phase involves planting 400,000 saplings of 19 species across 15 plantation plots covering 2,000 acres.

He instructed responsible personnel to carry out seasonal tasks such as replanting dead trees, weeding, fertilizing, and fire prevention to ensure the survival and success of the planted saplings. He also urged them to protect the trees from damage by humans and animals. He emphasized that since trees are living beings, only through continuous seasonal maintenance can the planted saplings achieve a 100% survival and growth rate. He added that this greening project is undertaken for a better future for the residents of Pyin Oo Lwin, and he called on the public to collaborate with forestry staff in preserving and maintaining the trees.

He pointed out that among the various methods to address global climate change and environmental issues, planting trees and conserving forests is the simplest, most effective, most cost-efficient, and most environmentally harmonious task that everyone can undertake. Therefore, every citizen needs to consciously plant, preserve, and protect forests and trees, and this effort should also be undertaken collectively by groups, wards, villages, townships, districts, and regions. He stressed the need for collaborative efforts not only within forest areas but also outside them, including roadside tree planting, planting trees in compounds, establishing urban forests, and expanding "Green Zones" by relevant departments.

He mentioned that the Mandalay Region Forestry Department will carry out various plantation establishment activities, including establishing state-owned plantations, enrichment planting in natural forests, gap-filling planting, and establishing multi-purpose plantations. They will also distribute over one million saplings to relevant departments for planting along ASEAN highways, expressways, inter-district roads, inter-township/village roads, and railway tracks, as well as distribute saplings to the public for planting.

He noted that significant time, money, and labour are invested in raising a sapling from a seed to a height of two feet or more. He urged everyone to continue maintenance efforts to ensure that every planted tree survives, adhering to the principle "Plant a tree, keep it alive." In line with the policy "Let's protect the environment for the prosperity of the State," efforts to plant trees and conserve forests must be accelerated to ensure a stable and healthy ecosystem, to promote greenery across the nation, and to mitigate climate change. He encouraged the public to actively participate in greening their local villages and cities, making them lush and beautiful, and to consistently undertake maintenance to ensure the survival of every tree planted. Concluding his speech, he urged everyone to consider forest conservation and environmental protection far-sightedly in all development endeavours, echoing the saying, "Forests and trees are the center of all development."

Following the speech, President U Min Aung Hlaing led the planting of the blue Jacaranda sapling at the designated spot.

Subsequently, the entourage accompanying the President, the Mandalay Region Chief Minister, the Regional Hluttaw Speaker, the Central Command Commander, Mandalay Region Government members, senior military officers from Pyin Oo Lwin Station, responsible officials from regional, district, and township departments, social organizations, teachers, and students all enthusiastically planted trees.

Afterwards, the President and his entourage toured the area, observing and encouraging the participants who were joyfully planting saplings.

At the 2026 Monsoon Season National-Level Tree Planting Ceremony, a total of 3,000 saplings of 8 species were planted. These included flowering species like Cherry, star-flower, blue Jacaranda, and red Jacaranda; valuable timber species like Pyinkadoe and Mahogany; and evergreen species like Sithapyay and Khatawmi. MNA

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses seminar on “From cotton farming to textile manufacturing” in Magway

## Relevant ministries, cotton farmers and officials should strive to meet the target yield as cotton cultivation and production business truly benefits the country



President U Min Aung Hlaing addresses the seminar on “From cotton farming to textile manufacturing” in Magway.

**Nay Pyi Taw July 12**

A seminar on “From cotton farming to textile manufacturing” organized with the aim of developing of the domestic cotton cultivation and cotton-based production industry took place at the town hall in Magway, Magway Region, this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present at the meeting together with the President were members of the entourage, chief ministers of Sagaing, Magway and Mandalay regions and officials, region-, district and township-level departmental personnel, cotton farmers group, entrepreneurs of cotton seed producers group, cotton oil producers group, cotton producers group, fiber producers group, weaving industry group, and cotton ginners group, and officials.

In his keynote address, the President said experiences and views on the cotton industry will be shared at the seminar under the heading “From cotton farming to textile manufacturing.” Cotton farming yields cotton and from cotton fibers are extracted. Magway was chosen as the venue of the seminar as Magway Region is a major of cotton producer.

Agriculture is the main economy of the country, and rice is the staple crop. The country also produces other crops. Myanmar is a country with fertile soil and a large array of water resources, and is able to produce food and clothing the most needed items of the world. In this world there are countries that can conduct farming by themselves and others that cannot do so. Certain countries mainly rely on technology. Myanmar cultivates crops such as paddy, beans, corn, sesame, and cotton, and in the past it could export agro-products only as raw materials instead of value-added goods. But now, the government is materializing the agro-based industries. By turning the raw materials into value-added goods, the country will earn more income and generate more job opportunities. From that stage, it will be able to set up industries, followed by the emergence of electricity, energy and services industries. In this way, the country will see a rise in its GDP and net production value. A country’s development standard is measured with GDP. There are the three sectors – agricultural, industrial and services sectors – that have interrelations among themselves, and there will be a GDP growth only if all the three sectors achieve progress.

Cotton cultivation and production play a pivotal role in the abovementioned process. The President said, while serving the national duties, he examined cotton farming, and found that in 2011-2012, the country’s cotton sown acreage was over 800,000 acres, but it fell to about 400,000 acres in 2019-2020. He said cotton sown acre dropped year by year. From the birth to their death, people have to wear clothes daily. So, cotton has an important role. Cotton is an important crop of the country. Cotton wool is produced from cotton, fibers and textiles from cotton wool, oil from cotton seeds, and animal feed from cotton cake. As cotton is related to industrial business, it is a truly beneficial crop for the country. In the past, Myanmar produced long-staple cotton, but pedigree strains from abroad were imported for the long-staple cotton to meet the standard. The quality of fibers depends on the quality of cotton, and there are four main requirements --seeds, soil, water and method – to raise the yield and quality of cotton. Hence, efforts should be made for the availability of quality strains, systematically preparing the land, providing adequate amount of water from any sources, and conducting research to adopt correct methods.

Solar-power pumping stations can be used to supply enough irrigation water for cotton plantation. Seeders are being used in agriculture due to the scarcity of farm workers. Correct methods will lead to increasing crop yield. There will be a surge in crop yield only through correct spacing and lining methods.

He stated that since taking state responsibilities, cotton cultivation has been encouraged and supported. He mentioned that the country's average yield showed that in the 2021-2022 fiscal year, the per-acre yield was 436 viss across over 390,000 planted acres. He further noted that in the 2025-2026 cultivation season, there were over 540,000 acres of cotton cultivated with a per-acre yield of 499.2 viss, bringing the total cotton production nationwide to over 274.3 million viss. He concluded that comparing this with our country's cotton requirement reveals a significant surplus in production.

He then stated that according to current global market prices, a ton of raw cotton is valued between 1,800 and 1,900 US dollars, and if the country can achieve its target yield of 700 viss of cotton per acre, it could generate around 500 million US dollars more from selling the surplus cotton. He urged participants in today’s discussion to engage in practical deliberations that would benefit the State. He added that the State would also fulfill necessary requirements and stressed that the government would ensure the success of cotton cultivation and production during its tenure.

He said that boosting cotton cultivation and production will bring great benefits to cotton farmers, cotton product manufacturers, and the State.



President U Min Aung Hlaing observes research work at the Regional Research Center (Magway).

See Page 14

# President U Min Aung Hlaing meets town elders in Minbu to talk about regional development measures





President U Min Aung Hlaing inspects the Minbu District Sports Stadium project.

**Nay Pyi Taw July 12**

President of the Republic of the Union of Myanmar U Min Aung Hlaing met town elders and officials at Sasana Beikman in Minbu this afternoon to discuss regional development undertakings.

Also present at the meeting were his entourages, the Mangway Region Chief Minister, the commander of Central Command, departmental officials from Minbu and town elders.

In his address, the President said that Minbu previously faced transport difficulties due to the lack of a river-crossing bridge. After the opening of the major Ayeyawady River Bridge, it became directly connected with Magway City and has developed into a thriving town. Minbu has become like a sister town on the western bank of the Ayeyawady River, and nearby towns rely on Minbu in many aspects. As it is a strategically important town, efforts should be made to develop it as a model town for urban development within the district. Minbu is also a town with strong educational performance, and this year many students achieved outstanding results at the national level in the matriculation examination. Since "a good beginning leads to a successful outcome" in education, those responsible for teaching and education management should work to strengthen education from the basic level onward.

The government has designated education up to KG+9 as a compulsory education system and is carrying out comprehensive measures to promote and support education. Weaknesses in education can not only lower an individual's socioeconomic status but also cause significant losses to the country as a whole. Only through academic education can individuals acquire professional skills. Reading enables people to gain knowledge and appreciation, while also enhancing their awareness, critical thinking, analytical abilities, and decision-making skills. If a person lacks not only formal education but also the habit of reading, they will face worsen difficulties in sustaining and improving their livelihood. Therefore, our government is placing strong emphasis on supporting and promoting school education, while also strengthening efforts to encourage and enhance reading habits among the public.

It is regrettable to see that, due to alleged vote irregularities that occurred during the 2020 multiparty democratic general election, many young people became involved in armed terror movements amid subsequent political changes. This situation occurred partly because of their limited ability to think critically, assess the pros and cons, understand causes and consequences, and make sound decisions, which made them vulnerable to persuasion, incitement, and mobilization by organizations and individuals who did not wish to see stability and peace in the country. The main causes were weaknesses in formal education and limited knowledge and awareness gained through literature and learning. It is necessary to draw lessons from the historical events that have occurred in the country and take corrective measures, while education development must be pursued as an essential priority.

At present, the government is making vigorous efforts to promote the socioeconomic development of the people based on agricultural and livestock production businesses. In carrying out these efforts, the people need to acquire both academic and vocational knowledge and skills and strive to become self-reliant. In implementing urban development activities such as making Minbu more pleasant, beautiful, and developed, it is necessary not only to ensure that each individual has a good income but also to make arrangements to create favorable conditions for businesses to operate successfully and grow.

Cotton can be successfully cultivated in Mandalay, Magway, Sagaing and Bago regions. The discussion titled "From Cotton Cultivation to the Textile Industry" commenced on 11 July, and he attended and delivered remarks at the event today. A large amount of cotton is cultivated in Magway Region. By achieving the targeted yield of cotton cultivation, cotton can be processed through industries into cotton wool, yarn, and textiles. Similarly, cottonseed can be processed into cottonseed oil and used as animal feed. To achieve these objectives, local residents are encouraged to make concerted efforts and actively participate in developing the cotton-based industries in the region.



President U Min Aung Hlaing visits the University of Technology (Magway).

Similarly, efforts should also be made to undertake livestock breeding activities that will benefit the region, and people should continuously study and improve their knowledge in relevant agricultural and livestock-related fields. A region can only achieve development when the majority of its people are educated and knowledgeable.

Regarding urban development, it is necessary to consider and implement measures to improve living standards and lifestyles. While the State is undertaking efforts for regional development, local residents also need to actively participate and work together in these endeavours. Community elders and local leaders should take the initiative and provide leadership in promoting the development of the local education sector to nurture well-rounded and outstanding children, as well as in improving the healthcare and sports sectors.

The President presented books and publications for residents of Minbu to a town elder.

Town elders from Minbu reported on regional development measures. They expressed their thanks to the President for its efforts to development of Minbu. They also reported on their requests to carry out construction of a retaining walls to prevent inflow of river water during the overflow of Ayeyawady River to the low-lying area along the strand road in Minbu, improvement of the strand road, permission for a new building at the 16-bed station hospital in Ywathaya Village of Minbu Township, hostels for students who attend the industry, agriculture and livestock basic education high school in Sagu, implementation of the solar power plant for Minbu (Sagu) Township, operation of solar system for water supply of the development committee in Kyauktan Village, upgrade of an earthern Thanatkhataw road in Ward 1 of Minbu and other development measures.

The President provided guidance on the presentations and, in his concluding remarks, stressed the importance of expanding tree planting *See Page 14*



President U Min Aung Hlaing meets town elders in Minbu.

*From Page 13*

efforts to address the impacts of climate change. He said that while global warming cannot be prevented entirely, planting more trees and restoring forests each year will help people in both urban and rural areas better withstand rising temperatures while providing cooler and healthier environments. He noted that previous generations benefited from the shade of trees they planted, but as the world continues to warm and the climate changes, it has become essential to plant more trees for the benefit of future generations.

Regarding the economy, the President stressed that expanding manufacturing is essential to increasing exports and driving national economic growth. He emphasized the need to make effective and profitable use of the region's agricultural and livestock products, calling for concerted efforts to promote the economic development of both the region and the country.

The President said the country continues to import edible oils each year as domestic oilseed production has yet to meet target levels. He noted that sesame is widely cultivated in the Minbu area, where the production target is 20 baskets per acre. He emphasized that higher crop yields would improve the socio-economic conditions and living standards of rural communities. Therefore, he called for greater efforts to strengthen the region's economy, with priority given to the successful development of the agriculture and livestock sectors.

The President said that the region's development requires coordinated efforts across all sectors, including the economy, education, healthcare and sports. He also stressed the importance of guiding those with misguided views toward a better understanding. While the country is pursuing a multiparty democratic system, he said it must be one that upholds the nation's traditions, culture and the rule of law. He added that building a prosperous nation requires fostering greater public understanding and addressing differences that stem from educational shortcomings. Just as today's youth are tomorrow's elders, he called for nurturing a new generation equipped with knowledge, vision and sound values.

The President then warmly greeted those attending the meeting.

**Minbu District Sports Stadium**

The President and the delegation then inspected the progress of the Minbu District Sports Stadium, where officials briefed them on the project's implementation. Following the presentations, the President raised questions and provided the necessary guidance and instructions.

**Magway University**

The President and his delegation later arrived at Magway University, where they were welcomed by the Rector and faculty members. During the visit, the President inspected the university's multipurpose hall, science research centre and library. After receiving briefings from the Rector and university officials, he provided the necessary guidance and instructions.

The President and the delegation then toured the university campus by vehicles.

**University of Technology (Magway)**

The President and his delegation later arrived at the University of Technology (Magway) in Kanbya Village Tract, Magway Township, where they were welcomed by the Vice Rector and faculty members. At the university conference hall, the Vice Rector briefed the President on the university's history, current activities, research capabilities for projects and regional development, as well as the need for university-owned land to construct a sports stadium, library and other necessary facilities.

The President provided the necessary guidance and subsequently toured the university campus, according to reports. MNA

*From Page 12*

He emphasized the need to establish agro-based industries driven by cotton cultivation, and he concluded by urging participants to ensure that today's discussion serves as a truly beneficial milestone for the future landscape of the country's cotton cultivation and production.

Also, he stated that today's discussion requires in-depth deliberations regarding cotton, and he urged everyone to strive toward boosting cotton cultivation and product manufacturing. He noted that since cotton cultivation is a beneficial enterprise for the State, the Ministry of Agriculture, Livestock and Irrigation, which is responsible for agricultural operations, the Ministry of Cooperatives and Rural Development, which is responsible for production, and the Ministry of Industry and Micro, Small, and Medium Enterprises Development must focus heavily on this work. He concluded by calling on cotton farmers and responsible personnel to make concerted efforts to meet the targeted per-acre yield.

The president then cordially greeted the attendees of the discussion and engaged in conversations, inquiring about and discussing ways to advance cotton cultivation and production operations.

**Regional Research Center (Magway)**

The president then arrived at the Regional Research Center (Magway) under the Department of Agricultural Research, Ministry of Agriculture, Livestock and Irrigation along with his entourage, where he inspected the production of paddy, groundnut, green gram, cotton, sesame, and sunflower seeds as well as high-tech organic fertilizers and natural bio-pesticide trial formulations, alongside the ongoing research and trial production using Cold Plasma machines, UV machines, and crop dryers to produce high-quality seeds inside the Nano Technology For Seed Treatment room, as responsible officials provided briefings on the progress.

In response to the briefings, he stated that research, cultivation, and production operations must focus not only on producing high-yielding and quality crop seeds but also on ensuring the crops meet international market standards in color, aroma, flavor, and size for export. He noted that testing and research must be conducted to boost the targeted per-acre yields of international market-valued Paw San Hmwe paddy and oil crops like groundnut and sesame produced by our country, and to adequately produce high-quality, pure pedigree seeds domestically, along with giving other necessary directives.

He then toured and inspected the research crop cultivation plots within the Regional Research Center (Magway) along with his entourage, examining the green gram, sesame, and groundnuts experimentally cultivated and produced by the research farm, and gave necessary guidance in response to the reports of responsible officials.

MNA

# Pwintbyu Township plans to grow more than 1,800 acres of lablab beans this monsoon

**Pwintbyu July 12**

A plan is underway to grow 1,846 acres of lablab beans as monsoon crops in Pwintbyu Township of Magway Region this year, according to Pwintbyu Township Agriculture Department.

In Pwintbyu Township, a plan has been made to cultivate 1,846 acres of lablab bean during this year's monsoon crop season, with planting scheduled from June to September, according to reports.

"This year's monsoon crop season, we have planned to cultivate 1,846 acres of lablab bean in Pwintbyu Township. We will supervise and carry out necessary measures to ensure that the targeted acreage is fully planted. To ensure good crop quality and yields, we will cooperate with farmers in providing agricultural awareness activities, including the systematic use of necessary cultivation methods, quality seeds, and agricultural inputs," said Daw Moe Moe Wai, Head of the Department of Agriculture in Pwintbyu Township.


It is reported that the Department of Agriculture will provide support and conduct agricultural awareness activities for lablab bean farmers in Pwintbyu Township this year, including expanding cultivated acreage, improving yields, promoting cultivation using Good Agricultural Practices (GAP), encouraging the use of high-yielding quality varieties suitable for the local area, preventing pests and diseases, and following post-harvest technologies.

Daw Moe Moe Wai said that if lablab bean can be cultivated to achieve improved yields, it will not only ensure sufficient domestic consumption but also allow surplus production to be exported, generating income and contributing to socio-economic development. Therefore, farmers across different areas should make efforts to expand lablab bean cultivation.

Ye Win Naing (NyaungU)

# Systematic detonation of nine-storey building used for online scam/gambling in Shwe Kokko brings number of demolished illegal residential buildings to 72

**Before demolition.**



**Illegal nine-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Karyin State.**

**Being prepared for explosive demolition.**



**Illegal nine-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**After demolition.**



**Illegal nine-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Nay Pyi Taw July 12**

As illegal buildings used as bases for online scams/gambling in Shwe Kokko and KK Park areas in Myawaddy Township in Kayin State were being demolished and related devices were systematically destroyed by interdepartmental teams, an illegal nine-storey building in Shwe Kokko was systematically detonated today.

Out of 77 buildings used for online scams/gambling in Shwe Kokko area, 57 and 20 were scheduled for demolition by machinery and by detonation respectively based on their types and the tasks were being carried out. Today, a nine-storey building out of 20 designated for detonation was systematically blasted today.

The interdepartmental teams have systematically demolished a total of 72 illegal buildings used for online scams/gambling and plans are underway to systematically demolish five remaining illegal buildings. 100

# Wakema Township plans to grow more than 1,000 acres of kitchen crops this monsoon

**Wakema July 12**

A plan has been set to cultivate 1,055 acres of kitchen crops as monsoon crops in Wakema Township of Ayeyawady Region this year, said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

In Wakema Township, 1,055 acres of kitchen crops have been planned for cultivation during this year's monsoon crop season, with planting scheduled to begin in the first week of July. The Department of Agriculture is conducting field visits to provide agricultural technology training to support the cultivation of these monsoon crops.

"During this year's monsoon crop cultivation period, we are working to grow kitchen crops according to the planned targets. Before planting, the Department of Agriculture has provided support such as seeds, marketable crop varieties, cultivation technologies, and other assistance to ensure that the crops are grown according to the planned acreage and remain free from pest risks. This year, we will cultivate a variety of kitchen crops," said Daw Khin Thae Myint.

It is reported that the 1,055 acres of kitchen crops planned for cultivation in Wakema Township during this year's monsoon crop season will include cauliflower, coriander, radish, yardlong bean, eggplant, bottle gourd, water spinach, okra, bitter gourd, and cowpea varieties.

To ensure the successful growth of these crops, prevent pest risks, and reduce losses caused by natural disasters and other factors, staff from the Department of Agriculture are conducting field visits to farms and meeting with farmers to provide agricultural knowledge and awareness.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင်ကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေးနှင့် သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် ကျင်းပဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်သူများအကြား သစ်တောသစ်ပင်များ၏တန်ဖိုးကိုနားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာပြီး သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများက တက်ကြွစွာပူးပေါင်းပါဝင်လာစေရေး နိုင်ငံတော်က ဦးဆောင်ပြီး ယခုကဲ့သို့ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ကျင်းပ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် လူသားများအပါအဝင် သက်ရှိအားလုံးရှင်သန်ရပ်တည်နိုင်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် နိုင်ငံတစ်ဝန်းတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မိုးရာသီသစ်ပင်စိုက်ပွဲတော်များကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး အပင်ပေါင်း ၃၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့်မြို့နယ်အသီးသီး၌လည်း တစ်ချိန်တည်းတစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပခဲ့ရာ သစ်ပင်စိုက်ပွဲ ၁၁၁ နေရာ၊ အပင်ပေါင်း ၈၀၅၂၀ ကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဇွန် ၂၅ ရက်တွင်လည်း နိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်၌ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး သစ်မျိုး ၁၄ မျိုး အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ယခုနိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲကို ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဧရိယာအတွင်း မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)အတွင်း ကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး မဟော်ဂနီ၊ ချယ်ရီ၊ ဆီသပြေ၊ ပျဉ်းကတိုး၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခရေ၊ ခါတော်မီ သစ်မျိုး ရှစ်မျိုး၊ အပင် ၃၀၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဤဒေသ၏ အေးမြသည့်ရာသီဥတုအပါအဝင် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော၊ သန့်ရှင်းကောင်းမွန်သော စံနမူနာထားရသည့်မြို့ပြတစ်ခုအဖြစ် ပြင်ဦးလွင်မြို့ကို နောင်မျိုးဆက်သစ်များ လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ယခုနှစ်ကစပြီး ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ . . .**

ဤဒေသ၏ အေးမြသည့်ရာသီဥတုအပါအဝင် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော၊ သန့်ရှင်းကောင်းမွန်သော စံနမူနာထားရသည့်မြို့ပြတစ်ခုအဖြစ် ပြင်ဦးလွင်မြို့ကို နောင်မျိုးဆက်သစ်များ လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ယခုနှစ်ကစပြီး ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းကို ပြင်ဦးလွင်မြို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် သစ်တောစိုက်ခင်းများထူနှင့်စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ယခုနှစ် စိမ်းလန်းစိုပြည်ရေးစိုက်ခင်းဧက ၂၀၀၀ ကို စိုက်ကွက် ၁၅ ကွက်၊ သစ်မျိုး ၁၉ မျိုး၊ ပျိုးပင်ပေါင်း ၄၀၀၀၀၀ ဖြင့် စတင်စိုက်ပျိုးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးပြီးအပင်များ ရှင်သန်အောင်မြင်စေရေးအတွက် သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများကို ရာသီအလိုက်ဆောင်ရွက်သွားကြရန်၊ လူနှင့်တိရစ္ဆာန်တို့ဖျက်ဆီးခြင်းမခံရအောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိဝန်ထမ်းများကို မှာကြားလိုကြောင်း၊ သစ်ပင်များသည် သက်ရှိများဖြစ်သည့်အတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက်လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်ကြီးထွားအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ပြင်ဦးလွင်တွင် နေထိုင်ကြသည့် ပြည်သူများအတွက် ကောင်းမွန်သည့်အနာဂတ်ကိုရည်ရွယ်ပြီး စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်၍ တာဝန်ရှိသစ်တောဝန်ထမ်းများနှင့်အတူ ပြည်သူလူထုက ပူးပေါင်း ပါဝင်ထိန်းသိမ်းဆောင်ရွက်ပေး

# မြန်မာ့အလုပ်အကိုင် ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားခြင်းဆိုင်ရာ အခွင့်အလမ်းများပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာ့အလုပ်အကိုင် ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားခြင်းဆိုင်ရာအခွင့်အလမ်းများပြပွဲ(၂၀၂၆ ခုနှစ်)ဖွင့်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းရှိ Recreation Centre ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ၊ ဝန်ကြီးဌာန၊အဖွဲ့အစည်းများမှ သင်တန်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြပွဲကို ဖွင့်လှစ်ပေးကာ ပြခန်းများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် "ကျောင်းသင်ခန်းစာမှ လုပ်ငန်းခွင်ဆီသို့ အင်ဂျင်နီယာလူငယ်တစ်ဦး၏ပထမခြေလှမ်း"၊ "ဟိုတယ်လောကတွင် အောင်မြင်ရန်လိုအပ်မည့် Core Skills များ"၊ "အိုင်တီကျောင်းသားဘဝမှ ကမ္ဘာ့စင်မြင့်ထက်ဆီသို့"နှင့် "စာသင်ခန်းမှ အသက်မွေးဝမ်းကျောင်းအောင်မြင်မှုဆီသို့ Soft Skills ဖြင့် ပေါင်းကူးပေးခြင်း"စသည့် ခေါင်းစဉ်လေးခုဖြင့် ဆွေးနွေးပွဲများကျင်းပခဲ့ပြီး ပြခန်းများကို ကျောင်းသား၊ ကျောင်းသူ၊ သင်တန်းသား၊ သင်တန်းသူများ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ အများပြည်သူများ စည်ကားသိုက်မြိုက်စွာလာရောက်လေ့လာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်လာကြသူများ ပျိုးပင်များတပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ကြရန်လည်းထပ်လောင်းမှာကြားလိုကြောင်း။

ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက်နည်းလမ်း အမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းစီက အသိစိတ်ဓာတ်အပြည့်ဖြင့် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ရန် လိုသကဲ့သို့ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအနေဖြင့်လည်း သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန် လိုအပ်ကြောင်း၊ သစ်တောနယ်မြေအတွင်း သာမက သစ်တောမြေပြင်ပနေရာများ၌ သက်ဆိုင်ရာဌာနများက လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများ တည်ထောင်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးနယ်မြေများ(Green zone)များ တိုးပွားလာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့်လည်း နိုင်ငံပိုင်စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဘက်စုံသုံးစိုက်ခင်းစိုက်ပျိုးခြင်း စသည့်စိုက်ခင်းတည်ထောင်ခြင်းအမျိုးမျိုးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူထုဖြန့်ပျိုးပင်ပေါင်း ၁၀ သိန်းကျော်ကို အာဆီယံလမ်း၊ အမြန်လမ်းနှင့် ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်၊ ကျေးရွာချင်းဆက်လမ်း၊ ရထားလမ်းဘေး ဝဲယာစိုက်ပျိုးခြင်းအတွက် သက်ဆိုင်ရာဌာနများကို ပျိုးပင်ဖြန့်ဝေခြင်း၊ ပြည်သူလူထုစိုက်ပျိုးနိုင်ရန်ဖြန့်ဝေခြင်းများကို ဆောင်ရွက်သွားမည်ဟု သိရကြောင်း။

သစ်စေ့မှ စိုက်ပျိုးနိုင်သည့် အမြင့် နှစ်ပေနှင့်အထက်အရွယ် ပျိုးပင်တစ်ပင်ဖြစ်လာသည်ထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်ဖြစ်သည့်အတွက် တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဟူသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရေး၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ရေးအတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း **“သစ်ပင်စိုက်လျှင်တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ”** ဆိုသည်နှင့်အညီ မိမိတို့နေထိုင်ရာ ဒေသပတ်ဝန်းကျင်ရှိ ကျေးရွာ၊ မြို့ပြများတွင်စိမ်းလန်းစိုပြည်သာယာလှပစေရေး ဝိုင်းဝန်းကြိုးစားကြရန်၊ တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရေးအတွက် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊

**ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ် . . .**

“သစ်တောသစ်ပင်များသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ဗဟိုချက်ဖြစ်သည်” ဆိုသည့် စကားနှင့်အညီ ဖွံ့ဖြိုးမှုလုပ်ငန်းတိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အမြော်အမြင်ကြီးစွာဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က စိန်ပန်းပြာပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များကို တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)၌ ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီနိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပန်းပွင့်သောသစ်မျိုးများဖြစ်ကြသည့် ချယ်ရီ၊ ခရေ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ရတနာတန်းဝင်သစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ မဟော်ဂနီနှင့် အမြဲစိမ်းသစ်မျိုးများဖြစ်ကြသည့် ဆီသပြေ၊ ခါတော်မီစသည့် သစ်မျိုး ရှစ်မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများကို ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်ရှိ Yathar Cho Industry Co., Ltd. နှင့် Cho Cho Industry Ltd. တို့၏ အသင့်စားခေါက်ဆွဲခြောက်မျိုးစုံနှင့် ခေါက်ဆွဲခြောက်များထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတကာဈေးကွက်တွင် ကောင်းစွာယှဉ်ပြိုင်နိုင်ရန်အတွက် စံချိန်စံနှုန်းများနှင့်အညီ ထုတ်လုပ်တင်ပို့ရန်၊ ဈေးကွက်ဝင်ရောက်ရန်လိုအပ်သည့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များ စုံလင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာရှိ Myanmar Ixora Company ၏ ဖိနပ်အမျိုးမျိုးထုတ်လုပ်သည့်စက်ရုံ၌ ဖိနပ်အမျိုးမျိုးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဂျပန်နိုင်ငံဈေးကွက်သာမက အခြားနိုင်ငံဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို ယခုထက်ပိုမိုအစားထိုးအသုံးပြုရန်နှင့် ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒေသသုတေသနဇဟို ဌာန(မကွေး)တွင် ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒေသသုတေသနဇဟို ဌာန(မကွေး)ရှိ သုတေသနခြံမှ စမ်းသပ်စိုက်ပျိုးထုတ်လုပ်ထားသည့် မြေပဲများကို ကြည့်ရှုစစ်ဆေးစဉ်။

**ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခု ဖြစ်ပြီး ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်နှင့် ချည်ထည်များ၊ ဝါစေ့မှ ဆီနှင့် တိရစ္ဆာန်အစာအဖြစ်ပြုလုပ်နိုင်သည့် ဝါစေ့ကြိတ်ဖတ်များကို ထုတ်လုပ်နိုင်...**

**လက်ရှိ ကမ္ဘာတွင် ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး မိမိတို့နိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုလျှံထွက်ရှိသည့် ဝါဂွမ်းများရောင်းချရရှိငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်...**

☆ ကျောဖုံးမှအဆက်

ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့မှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ဝါလုပ်ငန်းနှင့်ပတ်သက်၍ **"ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှု လုပ်ငန်းဆီသို့"** ဟူသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်၍ အတွေ့အကြုံများကို ဖလှယ်သွားကြမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ ဝါစိုက်ပျိုးမှု၊ ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်ကို ထုတ်လုပ်ကြခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးမှုများဆောင်ရွက်ချိန်တွင် ဝါစိုက်တောင်သူများ မပါဝင်သဖြင့် ယခုကဲ့သို့ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါစိုက်ပျိုးမှုများပြားသည့်အတွက် မကွေးမြို့တွင် ကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပြီး ဆန်စပါးကို အဓိကသီးနှံအဖြစ်စိုက်ပျိုးကာ အခြားသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင်လိုအပ်ချက်ဖြစ်နေသည့် စားနပ်ရိက္ခာနှင့် အဝတ်အထည်များကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်သော ရေခံမြေခံကောင်းသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရေမြေအနေအထားအရ စိုက်ပျိုးမွေးမြူရေးကို ကိုယ်တိုင်ဆောင်ရွက်သည့်နိုင်ငံများရှိသကဲ့သို့ မဆောင်ရွက်နိုင်သည့်နိုင်ငံများလည်းရှိကြကြောင်း၊ စက်မှုနည်းပညာပိုင်းဆိုင်ရာများကို အဓိကဆောင်ရွက်ကြသည့်နိုင်ငံများလည်းရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း ၊ ဝါ စသည့်သီးနှံများနှင့် အခြားသီးနှံများကိုစိုက်ပျိုးကြပြီး ယခင်က စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းမပြုဘဲ ကုန်ကြမ်းအနေဖြင့်သာ တင်ပို့ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် Agro-based Industries ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ပြီး စက်ရုံများလည်ပတ်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ၏အသားတင်ထုတ်လုပ်မှုတန်ဖိုးမြင့်တက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ တိုးတက်မှုစံနှုန်းကို GDP ဖြင့် တိုင်းတာကြပြီး လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး ဟူ၍ရှိကြောင်း၊ ကဏ္ဍကြီး သုံးခုအနေဖြင့်တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်လျက်ရှိပြီး အားလုံးတိုးတက်မှသာလျှင် GDP သည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ထိုအထဲတွင် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသည်လည်း အရေးကြီးသည့်ကဏ္ဍမှပါဝင်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ စိစစ်ကြည့်ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ဧက ရှစ်သိန်းကျော်ခန့်ရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် လေးသိန်းခန့်သာရှိခဲ့ကြောင်း၊ နှစ်အလိုက် ဝါစိုက်ပျိုးမှုများ၊ ဝါစိုက်ဧကများလျော့နည်းကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှသေဆုံးသည်ထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှချည်နှင့် ချည်ထည်များ၊ ဝါစေ့မှ ဆီနှင့် တိရစ္ဆာန်အစာအဖြစ်ပြုလုပ်နိုင်သည့် ဝါစေ့ကြိတ်ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါမှတစ်ဆင့်စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခင်က ချည်မျှင်ရှည်ဝါထွက်ရှိသည်ဟုဆိုသော်လည်း အဆင့်မီရန်လိုအပ်နေဆဲဖြစ်သဖြင့် ပြည်ပနိုင်ငံများမှ အဆင့်မီဝါမျိုးများကို တင်သွင်းစိုက်ပျိုးခဲ့ကြရကြောင်း၊ ဝါအရည်အသွေးကောင်းမွန်မှ ချည်အရည်အသွေး ကောင်းမွန်မည်ဖြစ်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ဝါများရရှိရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအချက် လေးချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးရပ်နှင့်ပြည့်စုံရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့်မျိုးများရရှိအောင် ဆောင်ရွက်ရမည်၊ မြေကောင်းမွန်မှုရှိစေရေး စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် အမြဲသုတေသနပြုစိုက်ပျိုးရမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေနှင့်အောင်ရေများကို နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားများရှားပါးလာခြင်းကြောင့် မျိုးစေ့ချကိရိယာ Feed Seeder များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်နည်းစနစ်များကောင်းမွန်လာမည်ဆိုပါက အထွက်နှုန်းများကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးရာတွင် သတ်မှတ်ထားသည့် ပင်ကြား၊ တန်းကြား မှန်ကန်စွာစိုက်ပျိုးမှသာ အထွက်နှုန်းကောင်းမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော် တာဝန်ယူခဲ့ရပြီး နောက်ပိုင်းတွင် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ခဲ့ပြီး ဝါစိုက်ပျိုးမှုတွင် တစ်နိုင်ငံလုံးပျမ်းမျှအထွက်နှုန်းအနေဖြင့် ၂၀၂၁ - ၂၀၂၂ ခုနှစ်တွင် စိုက်ဧက ၃ ဒသမ ၉ သိန်းကျော်၌ တစ်ဧကအထွက်နှုန်း ၄၃၆ ပိဿာရှိကြောင်း၊ ၂၀၂၅ - ၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် ဝါစိုက်ပျိုးဧက ၅ ဒသမ ၄ သိန်းကျော်ရှိပြီး တစ်ဧကအထွက်နှုန်း ၄၉၉ ဒသမ ၂ ရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝါထွက်ရှိမှုမှာ ပိဿာချိန်ပေါင်း ၂၇၄၃ သိန်းကျော်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဝါလိုအပ်ချက်နှင့်နှိုင်းယှဉ်တွက်ချက်ကြည့်မည်ဆိုပါက များစွာပိုလျှံထွက်ရှိသည်ကိုတွေ့ရကြောင်း။

လက်ရှိ ကမ္ဘာတွင်ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး မိမိတို့နိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုလျှံထွက်ရှိသည့် ဝါဂွမ်းများရောင်းချရရှိငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့်ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသည့် သူများအနေဖြင့်လည်း နိုင်ငံတော်အတွက် အကျိုးဖြစ်စေမည့် လက်တွေ့ကျသည့် ဆွေးနွေးမှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကာလအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများဆောင်ရွက်ကြသူများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုကိုအခြေခံ၍ Agro-based Industries အဖြစ် ဆောင်ရွက်သွားရန်လိုပြီး ယခုကျင်းပသည့်ဆွေးနွေးပွဲကို မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုအနာဂတ်အခန်းကဏ္ဍတွင် အမှန်တကယ်အကျိုးရှိသည့်ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ဝါနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်ဆွေးနွေးဆောင်ရွက်သွားကြရန်လိုပြီး ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် တာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်

**စာမျက်နှာ ၁၉ သို့**

**အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရေးကိုသာမက နိုင်ငံတကာသို့တင်ပို့နိုင်သည့် ဈေးကွက်ဝင် အရောင်အဆင်း၊ အနံ့အရသာနှင့် အရွယ်အစားများ ပြည့်မီသည့်သီးနှံများ ဖြစ်စေရေး တို့ကိုပါ သုတေသနပြုစိုက်ပျိုးထုတ်လုပ်သွားရန်လို...**

**မိမိတို့နိုင်ငံကထွက်ရှိသော နိုင်ငံတကာဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကိုလည်း တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ပြည်တွင်း၌သာ လုံလောက်စွာထုတ်လုပ်ပေးနိုင်ရေး စမ်းသပ်သုတေသနပြုဆောင်ရွက်...**

**စာမျက်နှာ ၁၈ မှအဆက်**

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အနေဖြင့် အလေးထားဆောင်ရွက်ရန်နှင့် ဝါစိုက်ပျိုးတောင်သူများနှင့် တာဝန်ရှိသူများကလည်း တစ်ဧကပန်းတိုင် ရည်မှန်းချက်အထွက်နှုန်း အတိုင်းထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး မေးမြန်းဆွေးနွေး ပြောကြားသည်။

**ဒေသသုတေသနဇုန်ဟိုဌာန(မကွေး)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇုန်ဟိုဌာန(မကွေး)သို့ရောက်ရှိပြီး ဌာနမှ ထုတ်လုပ်ထားရှိသည့် စပါး၊ မြေပဲ၊ ပဲတီစိမ်း၊ ဝါ၊ နှမ်း၊ နေကြာ မျိုးစေ့များနှင့် နည်းပညာမြင့် Organic မြေဩဇာနှင့် သဘာဝပိုးသတ်ဆေးရည် စမ်းသပ်ထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ Nano Technology For Seed Treatment အခန်းအတွင်း အရည်အသွေးပြည့်မီသည့် မျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် Cold Plasma စက်များ၊ UV စက်၊ သီးနှံအခြောက်ခံစက်များဖြင့်သုတေသနပြုစမ်းသပ်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် သီးနှံမျိုးစေ့များထုတ်လုပ်နိုင်ရေးကိုသာမက နိုင်ငံတကာသို့တင်ပို့နိုင်သည့် ဈေးကွက်ဝင် အရောင်အဆင်း၊ အနံ့အရသာနှင့် အရွယ်အစားများ ပြည့်မီသည့်သီးနှံများဖြစ်စေရေးတို့ကိုပါ သုတေသနပြုစိုက်ပျိုးထုတ်လုပ်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံကထွက်ရှိသော နိုင်ငံတကာဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကိုလည်း တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ပြည်တွင်း၌သာ လုံလောက်စွာထုတ်လုပ်ပေးနိုင်ရေး စမ်းသပ်သုတေသနပြုဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသသုတေသနဇုန်ဟိုဌာန(မကွေး)ရှိ သုတေသနစိုက်ကွက်များအတွင်း သီးနှံများသုတေသနပြုစိုက်ပျိုးထားရှိမှုနှင့် သုတေသနခြံမှ စမ်းသပ်စိုက်ပျိုးထုတ်လုပ်ထားသည့် ပဲတီစိမ်း၊ နှမ်းနှင့် မြေပဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News





ပြင်ဦးလွင် ဒီဇင်ဘာပန်းခြံနှင့် ရေတံခွန်ပန်းခြံအလှကို တွေ့ရစဉ်။

**❑ အနီးစခန်းလေဆိပ်မှ**

ပြင်ဦးလွင်မြို့ ဒီဇင်ဘာပန်းခြံတာဝန်ခံ ဒေါ်လှလှက ပြောကြားသည်။

လာမည့် ပွင့်လင်းရာသီတွင် ခရီးသွားများ ပိုမိုလာရောက်နိုင်သည့်အတွက် နေရာအလိုက် ပိုမိုစည်ကားလှပရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ပန်းခြံမှာ ပန်းမျိုးစိတ်ပေါင်း ၃၀ ကျော် စိုက်ပျိုးထားပြီး ပွင့်လင်းခရီးသွားရာသီအတွက် အဘက်ဘက်က ပြင်ဆင်မှုတွေ ဆောင်ရွက်နေတယ်။ ပန်းခင်းတွေ၊ လူငယ်တွေ ဓာတ်ပုံရိုက်လို့ရတဲ့နေရာတွေတိုးချဲ့ပြီး လုပ်ဆောင်နေပါတယ်။ ခရီးသွားတွေက ရောင်စုံပန်းခင်းနဲ့ ရေတံခွန်ကို ပိုပြီးနှစ်ခြိုက်ကြတယ်။ လာရောက်လည်ပတ်တဲ့သူ ၁၀ ဦးမှာ ကိုးဦးက အဲဒီနေရာကိုလည်းပတ်တာများပါတယ်" ဟု ပြင်ဦးလွင်ရေတံခွန်ပန်းခြံတာဝန်ခံ ဒေါ်ရွှေရည်ထွန်းက ပြောသည်။

ပြင်ဦးလွင်မြို့နှင့် အနီးတစ်ဝိုက်ရှိ ပြည်ချစ်ဘုရား၊ နီးဘုရား၊ ပိတ်ချင်းမြှောင်၊ တရုတ်ဘုံကျောင်း၊ ကန်တော်ကြီး၊ ပွဲကောက်ရေတံခွန်၊ အနီးစခန်းရေတံခွန်၊ ဒီးဒုတ်ရေတံခွန်၊ ဒီဇင်ဘာခြံ၊ နှင်းဆီခြံ၊ ပြင်ဦးလွင်ပန်းဈေး၊ ဂျပန်ရွာ၊ တိုင်းရင်းသားကျေးရွာ၊ ပြင်ဦးလွင်ဈေး၊ သုမင်္ဂလာဈေးဝယ်စင်တာ၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်ပန်းဥယျာဉ်များကို ခရီးသွားများ အများဆုံးလည်ပတ်လေ့ရှိပြီး ခရီးသွားများအကြိုက် အပန်းဖြေလည်ပတ်စရာ နေရာများစွာရှိသည့်အတွက် တောင်ပေါ် အပန်းဖြေမြို့ဟု ခရီးသွားများအကြား ထင်ရှားသည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် နှစ်စဉ်ကျင်းပလေ့ရှိသည့် ပြင်ဦးလွင် ပန်းပွဲတော်ကို အထူးစိတ်ဝင်စားကြပြီး ပန်းပွဲတော်ကျင်းပချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်မှုများကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**❍ နေရာကွက်၍မိုးကြီးနိုင်မှ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

## သံလွင်၊ ဘီးလင်း၊ စစ်တောင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မင်းဘူးမြို့မှ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများကို မင်းဘူးမြို့ သာသနာ့ဗိမာန်တော်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မင်းဘူးမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် ပတ်သက်၍အမှာစကားပြောကြားရာတွင် မင်းဘူးမြို့သည် ယခင်က မြစ်ကူးတံတား မရှိသဖြင့် သွားလာရေးခက်ခဲခဲ့ပြီး ဧရာဝတီမြစ်ကူးတံတားကြီး ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် မကွေးမြို့နှင့် တစ်ဆက်တည်းဖြစ်ခဲ့ကာ ဖွံ့ဖြိုးတိုးတက်သည့် မြို့တစ်မြို့ဖြစ်လာခဲ့ကြောင်း၊ မင်းဘူးမြို့သည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် နောင်တော်မြို့ တစ်မြို့ကဲ့သို့ ဖြစ်နေပြီး နီးစပ်ရာမြို့များအနေဖြင့် မင်းဘူးမြို့ကို အားကိုးနေရကြောင်း၊ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည့်အတွက် ခရိုင်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် စံပြဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မင်းဘူးမြို့သည် ပညာရေးအားကောင်းသည့် မြို့တစ်မြို့ဖြစ်ပြီး ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း နိုင်ငံတော်အဆင့် အောင်မြင်မှုရရှိသူများ အများအပြားထွက်ပေါ်ခဲ့ကြောင်း၊ ပညာရေးတွင် **"အစကောင်းမှ အနှောင်းသေချာမည်"** ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အခြေခံမှစ၍ ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

**မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်းနေထိုင်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို၊ ဒေသတွင်းပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ဘက်စုံထူးချွန်သည့် ကလေးငယ်များဖြစ်စေရေး၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍများ မြှင့်တင်ရေးအတွက်လည်း ရပ်မိရပ်ဖများအနေဖြင့် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားကြရန်လို . . .**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မင်းဘူးခရိုင်အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

မိမိတို့အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်အဖြစ်သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပညာရေးကိုအားပေးမြှင့်တင်ရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုများကြောင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ နိမ့်ကျစေနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာနစ်နာစေနိုင်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ဗဟုသုတနှင့် ရသများကို ရရှိစေနိုင်မည်ဖြစ်ပြီး အသိအမြင်နှင့်စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်းများလည်း မြင့်မားလာစေမည်ဖြစ်ကြောင်း၊ အတန်းပညာအားဖြင့် အားနည်းရုံသာမက စာဖတ်ခြင်းသည်လည်း အားနည်းမည်ဆိုပါက ဘဝရှင်သန်ရပ်တည်မှုတွင် ခက်ခဲစွာရုန်းကန်နေရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အစိုးရအနေဖြင့် ကျောင်းပညာရေးကို အဓိကပံ့ပိုး အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကိုလည်း အားဖြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွင် လူငယ်လူရွယ်အများအပြား လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်သို့ ရောက်ရှိခဲ့ကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရကြောင်း၊ ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို မလိုလားသည့်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ ဆွဲဆောင်စည်းရုံးခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းတို့ကို အကောင်းအဆိုး၊ အကြောင်းအကျိုး စဉ်းစားဆင်ခြင်နိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်း အားနည်းမှုများကြောင့်ပင် ဖြစ်ကြောင်း၊ အဓိကမှာ အတန်းပညာပိုင်းဆိုင်ရာ အားနည်းမှုနှင့် စာပေအသိအမြင်ပိုင်းဆိုင်ရာ အားနည်းမှုတို့ကြောင့်ပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းဆိုင်ရာများကို သင်ခန်းစာယူ၍ ပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပညာရေးမြှင့်တင်မှုကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အခြေခံ၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် အတန်းပညာနှင့် အတတ်ပညာများရှိပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မင်းဘူးမြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူတစ်ဦးချင်းစီ ဝင်ငွေကောင်းမွန်ရန်လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက်လည်း စီမံပေးကြရမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ **"ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့"** ဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်တွင် စတင်ကျင်းပခဲ့ပြီး ယနေ့တွင် မိမိအနေဖြင့် သွားရောက်အမှာစကား ပြောကြားခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဝါကိုများစွာ စိုက်ပျိုးကြကြောင်း၊ ဝါစိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်ပြီး ဝါဂွမ်း၊ ချည်နှင့် ချည်ထည်များအဖြစ် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ဝါစေ့မှ ဝါစေ့ဆီကို ထုတ်လုပ်ပြီး တိရစ္ဆာန်အစာများအဖြစ် အသုံးပြုနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်နေထိုင်သူများက ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

အလားတူ ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်နှင့်

**စာမျက်နှာ ၂၁ သို့**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နည်းပညာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ အခြားအခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးပညာရပ်များအလိုက် အမြဲမပြတ်လေ့လာနေကြရန်လိုကြောင်း၊ ဒေသတွင်းရှိ လူအများစု ပညာတတ်များဖြစ်မှသာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

မြို့ပြတည်ဆောက်ရေးနှင့်ပတ်သက်၍ လူနေမှုစနစ်များမြှင့်တင်နိုင်ရေး စီးပွား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်းနေထိုင်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ဘက်စုံထူးချွန်သည့် ကလေးငယ်များဖြစ်စေရေး၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍများ မြှင့်တင်ရေးအတွက်လည်း ရပ်မိရပ်ဖများအနေဖြင့် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မင်းဘူးမြို့မှ ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့မိမြို့ဖတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တက်ရောက်လာကြသည့် မင်းဘူးမြို့ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြကြရာတွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့် မင်းဘူးမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်များကို ဒေသခံများအနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ မင်းဘူးမြို့ကမ်းနားလမ်းတစ်လျှောက် မြေနိမ့်ပိုင်းများ၌ ဧရာဝတီမြစ်ရေတက်ချိန်တွင်မြစ်ရေဝင်ရောက်မှုမရှိစေရေးအတွက် ရေထိန်းတာပေါင်နံရံ ဆောင်ရွက်ပေးစေလိုမှုနှင့် ကမ်းနားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ မင်းဘူး(စကု)မြို့နယ် ရွာသာယာကျေးရွာရှိ တိုက်နယ်ဆေးရုံ ၁၆ ခုတင်ဆံ့အား အဆောက်အအုံသစ် ခွင့်ပြုပေးစေလိုမှု၊ စကုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းသို့ ရပ်ဝေးမှလာရောက်တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများအတွက် အဆောင်ခွင့်ပြုပေးစေလိုမှု၊မင်းဘူး(စကု)မြို့နယ် ဒေသအတွက် လိုအပ်လျက်ရှိသည့်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လိုမှု၊ ကျောက်တန်းကျေးရွာရှိ စည်ပင်သာယာရေးအဖွဲ့ ရေပေးဝေခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားအသုံးပြုခြင်းအစား ဆိုလာစနစ်ဖြင့်ဆောင်ရွက်နိုင်ရေးခွင့်ပြုပေးစေလိုမှု၊ မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ သနပ်ခါးတောမြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ပြန်လည်လမ်းညွှန်မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရာသီဥတုပူပြင်းလာမှုကို မိမိတို့အနေဖြင့် ရှောင်လွှဲ၍ရနိုင်မည်မဟုတ်သော်လည်း သစ်ပင်သစ်တောများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် မြို့ရွာများတွင် နေထိုင်ကြသူများ ရာသီဥတုဒဏ်ခံနိုင်ခြင်းနှင့် အေးမြသည့်အရိပ်အာဝါသကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ယခင်က သစ်ပင်များစိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့အနေဖြင့် အရိပ်အာဝါသကို ခံစားနေကြရခြင်းဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုများ ဖောက်ပြန်လျက်ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နောင်အနာဂတ်လူငယ်များအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မှသာလျှင် ပို့ကုန်များတိုးမြှင့်ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အကျိုးရှိစွာဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဒေသနှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်နေဆဲ ဖြစ်ကြောင်း၊ မင်းဘူးဒေသတွင်လည်း နှမ်းစိုက်ပျိုးကြကြောင်း၊ နှမ်းတစ်ဧကလျှင် တစ်ဧကပန်းတိုင်ရည်မှန်းချက် တင်း ၂၀ ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းမွန်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်မြင့်မားလာပြီး လူနေမှုအဆင့်များ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ၏စီးပွားရေးအား ကောင်းမွန်မှုရှိစေရေးကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အဓိကဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည်ဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အတွေးအခေါ် မှားနေသူများကိုလည်း ပြင်ပေးကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်း ဖြစ်သော်လည်း နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်ကိုက်ညီသည့် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ထိုအပေါ်တွင် သဘောထားကွဲလွဲနေသူများကိုလည်း နားလည်အောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့သဘောထားကွဲလွဲမှုများသည် ပညာရေးအားနည်းချက်များ၏အကျိုးဆက်များပင်ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသည့်အတိုင်း အသိအမြင်၊ အတွေးအခေါ်ကောင်းများနှင့် ပြည့်စုံသည့် အနာဂတ်လူငယ်များ ထွက်ပေါ်လာစေရေး ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## မင်းဘူးခရိုင် အားကစားကွင်း

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များလိုက်ပါ၍ မင်းဘူးခရိုင် အားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းပြီးလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## မကွေးတက္ကသိုလ်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တက္ကသိုလ်ရှိ ဘက်စုံခန်းမ၊ သိပ္ပံသုတေသနစင်တာနှင့် စာကြည့်တိုက်တို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ပရဝဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## နည်းပညာတက္ကသိုလ်(မကွေး)

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ကန်ပြားကျေးရွာအုပ်စုရှိ နည်းပညာတက္ကသိုလ်(မကွေး)သို့ရောက်ရှိကြရာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အစည်းအဝေးခန်းမတွင် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်းနှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ စာကြည့်တိုက်နှင့် အခြားအခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် တက္ကသိုလ်ပိုင်မြေ လိုအပ်လျက်ရှိမှုနှင့် သင်ကြားရေးဆိုင်ရာ အခြားလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News



## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး၊ အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ရက် ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

## ရန်ကုန်တိုင်းစစ်ဌာနချုပ် ၆၁ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၆၁ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၆၁ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြ အခမ်းအနားကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၆၁ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို တိုင်းစစ်ဌာနချုပ် ရုပ်ရှင်ရုံခန်းမ၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဝတ်စုံများအမှတ်တရပေးအပ်ပြီး ဝတ်စားဆင်ယင်မှုနှင့် စစ်ရေးပြ အကောင်းဆုံးဆုရရှိသူများ၊ အိမ်ထောင်သည်လိုင်းသန့်ရှင်းရေး အကောင်းဆုံးဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဗလာမပါကံစမ်းမဲများဖောက်၍လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း ကျယ်ပြန့်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့်ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသားကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန် ၁-၆-၂၀၂၆ ရက်မှစတင်၍ နိုင်ငံပိုင်သတင်းစာနှင့် ရုပ်သံအစီအစဉ်များမှတစ်ဆင့် အသိပေးဖိတ်ခေါ်လျက်ရှိသည်။

ယခုအခါ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ၁၅-၇-၂၀၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၄၅ မိနစ်ထိ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Horizon Lake View Resort တွင် ကျင်းပမည်ဖြစ်ရာ ၁၀-၇-၂၀၂၆ ရက်ထိ တက်ရောက်လိုကြောင်း စာရင်းပေးသွင်းလာသူ ဦးရေ ၃၀၀ ကျော်ရှိပြီဖြစ်သည်။

သို့ဖြစ်ပါ၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စာရင်းပေးသွင်းထားခြင်းမရှိသေးသည့် တက်ရောက်လိုသူများအနေဖြင့် အောက်ဖော်ပြပါ QR Code အား Scan ဖတ်၍ စာရင်းပေးသွင်းနိုင်ပါကြောင်း၊ QR Code ဖြင့် စာရင်းပေးသွင်းရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် စာရင်းပေးသွင်းခြင်းကို ၁၄-၇-၂၀၂၆ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထားဆောင်ရွက်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နိုင်ပါရန် ထပ်မံအသိပေးဖိတ်ခေါ်အပ်ပါသည်။ (ယခင် Google Form ဖြင့် စာရင်းပေးသွင်းပြီးသူများ ထပ်မံပြုလုပ်ရန် မလိုအပ်ပါ။)

**ဆက်သွယ်ရန်** – ဦးမျိုးသန့်ထွန်း ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန (၀၉ ၄၃၀၁၆၆၉၀ ၊ ၀၆၇ ၃၄၁၀၄၇၁) dgdptsc2021@gmail.com

Solar Energy Workshop

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

**❖ ကမ္ဘာ့ဖလားပြိုင်ပွဲမှ**

ကစားခဲ့ရာ အင်္ဂလန်အသင်းက ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားနိုင်ခဲ့သော်လည်း နော်ဝေအသင်း၏ ခံစစ်ပိုင်းအားပြုပြီး တန်ပြန်တိုက်စစ်များမှတစ်ဆင့် ဖိအားပေးမှုများကြောင့် အခက်တွေ့ခဲ့ပြီး ပွဲချိန် ၃၆ မိနစ်တွင် ဆခါဂျီဒါရက်က နော်ဝေအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် ဘယ်လင်ဟမ်က ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်းဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ကစားခဲ့သော်လည်း မိနစ် ၉၀ ပြည့်သည်ထိ ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ တစ်ဂိုးစီသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည့်အတွက် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာ ပွဲချိန် ၉၃ မိနစ်တွင် ဘယ်လင်ဟမ်ကပင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် အင်္ဂလန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ အာဂျင်တီးနားအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်တွင်လည်း ပွဲချိန် ၁၀ မိနစ်တွင် မက်အဲလက်စတာက အာဂျင်တီးနားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၆၇မိနစ်တွင် အန်ဒိုယီက ဆွစ်ဇာလန်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာတွင် ပွဲချိန် ၁၁၂ မိနစ်တွင် အယ်ဗာရက်နှင့် ပွဲချိန် မိနစ် ၁၂၀ ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် မာတီနက်တို့က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ကြသည့်အတွက် အာဂျင်တီးနားအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၅ရက်တွင် စပိန်အသင်းနှင့် ပြင်သစ်အသင်း၊ ဇူလိုင် ၁၆ ရက်တွင် အာဂျင်တီးနားအသင်းနှင့် အင်္ဂလန်အသင်းတို့ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## ရတနာသစ်တော ပြည့်သွေးကြော
## သစ်တောရတနာ ထိန်းသိမ်းပါ။

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ယမန်နေ့က ဆေးရုံအဆောက်အအုံနှင့် ဆေးရုံဝင်းအတွင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး တစ်ဦးချင်းရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးသည် ၂၀၀၈ ခုနှစ် ဇူလိုင်လကစတင်၍ ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ချင်းပြည်နယ်ဒေသခံများကို ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့နောက် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်နှင့် ဖါရံထောက်ရပ်ကွက်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံများ၏ နေအိမ်များကို နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဝိုင်းဝန်းပြင်ဆင်ပေးနေမှုကိုကြည့်ရှုပြီး သွပ်နှင့် သွပ်ရိုက်သံများကို ထောက်ပံ့ပေးအပ်သည်။


ထိုသို့ သွားရောက်ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဦးစားပေးအလိုက် ထောက်ပံ့ပေးအပ်မည့်ပစ္စည်းများ မြေပြင်နှင့်ကွဲလွဲမှုမရှိစေရေး၊ ထောက်ပံ့ရေးပစ္စည်းများ အလေအလွင့်မရှိစေရေးများနှင့် အမှန်တကယ် ထောက်ပံ့ရန်လိုအပ်သည့် ဒေသခံပြည်သူများ မကျန်ရှိစေရေးတို့ကို စီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ် အဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ် အဆောက်အအုံ မဖြိုဖျက်မီတွေ့ရစဉ်။

**● ရွှေကုက္ကိုလ်မှ**

ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ကိုးထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၂ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ငါးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**■ လျှပ်စစ်ဓာတ်အားမှ**

လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

ထို့ပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူ သုံးစွဲမှုများပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) - ၀၆၇-၃၄၁၀၀၇၂
- ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) - ၁၇၁၇
- မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) - ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇
  ၀၉၆၈၂၂၃၂၆၀၀၊ ၀၉၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

### အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



### အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း




## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်းလိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# တရုတ်နိုင်ငံအရှေ့ပိုင်း တိုင်ကျိုးမြို့သို့ တိုင်ဖွန်းမုန်တိုင်းဘာဗီ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လူနှစ်သန်းခန့်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ



**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နိုင်ငံအရှေ့ပိုင်း တိုင်ကျိုးမြို့သို့ တိုင်ဖွန်းမုန်တိုင်း ဘာဗီဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံနှစ်သန်းခန့်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်းဘာဗီသည် ဇူလိုင် ၁၁ ရက် ညနေပိုင်းက ဂျပန်နိုင်ငံတောင်ပိုင်း ဆာကီရှီး မားကျွန်းစုကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးနောက် တရုတ် (တိုင်ပေ) မြောက်ပိုင်းကို ဖြတ်ကျော်ကာ လက်ရှိတွင် တရုတ်နိုင်ငံ အရှေ့ပိုင်း ကမ်းရိုးတန်းဘက်သို့ ဦးတည် တိုက်ခတ်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တိုင်ကျိုးမြို့သို့ တိုင်ဖွန်း မုန်တိုင်းဘာဗီ တိုက်ခတ်စဉ် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၄ ကီလိုမီတာ (တစ်နာရီ ၉၀ မိုင်) ထိရှိခဲ့ကြောင်း၊ မုန်တိုင်း အန္တရာယ်ကြောင့် တိုင်ကျိုးမြို့ အနီးမှ ဒေသခံ ၁ ဒသမ ၇ သန်း ကျော်အပါအဝင် ဖူကျန်းပြည်နယ်၊ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့တို့မှ ဒေသခံစုစုပေါင်း နှစ်သန်းခန့်ကို ဘေးလွတ်ရာ ကြိုတင်ရွှေ့ပြောင်း ပေးခဲ့ရကြောင်း သိရသည်။

ယခုအခါ အဆိုပါမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ရွှေ့လျားရာတွင် အရှိန်နှေးပြီး အားလျော့လာသော်လည်း မိုးတိမ်များအတွင်း စိုထိုင်းဆများစွာ စုဝေးနေဆဲဖြစ်သဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်သေးကြောင်း မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

ထို့ကြောင့် ပြည်နယ်အာဏာပိုင်များက မုန်တိုင်းသက်ရောက်နိုင်သည့် ဒေသများတွင် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို အသင့်ပြင်ဆင်ထားပြီး ရထားခရီးစဉ်များ၊ လေကြောင်း ခရီးစဉ်များနှင့် ပင်လယ်ရေကြောင်း သွားလာမှုတချို့ကို ယာယီကန့်သတ်ခဲ့သည့်အပြင် မြစ်ရေမြင့်တက်ခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

Ref : Russia Today

Trs : KZ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် လူ ၄၄ ဦး သေဆုံး

**ဒါကာ ဇူလိုင် ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် လူ ၄၄ ဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သဘာဝဘေး စီမံခန့်ခွဲရေးဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ ချတ်တိုဂရမ်၊ ကော့စ်ဘဇား၊ ဘန်ဒါဘန်၊ ရန်ဂါမာတီ၊ ခါဂရာချာရီ၊ မော်လ်ဗီဘဇားနှင့် ဟာဘီဂန်ဂျ် စသည့် ခရိုင်ခုနစ်ခုတွင် ရေကြီးရေလျှံမှုများကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူနေမှုဘဝများ အနှောင့်အယှက်ဖြစ်ပေါ်ခဲ့ပြီး အိမ်ထောင်စု ၂၆၇၉၁၈ စု နေအိမ်များအတွင်း ပိတ်မိနေကြောင်း သိရသည်။

လက်ရှိ ဒေသခံအများအပြားသည် နေအိမ်များ ရေနစ်မြုပ်ကာ စားနပ်ရိက္ခာနှင့် သောက်သုံးရေပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုများကြောင့် တံတားများပျက်စီးသွားသဖြင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရေဘေးဒဏ် အဆိုးရွားဆုံး ခံစားနေရသည့် ဒေသတချို့သို့ သွားရောက်ရန် အခက်အခဲများရှိသဖြင့် နှောင့်နှေးမှုများဖြစ်နေကြောင်း သိရသည်။

သို့သော်လည်း အာဏာပိုင်များက ကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီပေးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ရေဘေးဒဏ်သင့် ဒေသများသို့ အစားအစာ၊ သောက်သုံးရေ၊ ဆေးဝါးနှင့်အခြားအရေးကြီးသော ကယ်ဆယ်ရေးပစ္စည်းများကို လှေများဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် အပူချိန်မြင့်တက်နေသဖြင့် ရေရှားပါးပြီး ရေပေးဝေရေးစနစ်များ အခက်အခဲဖြစ်ပေါ်နေ

**လစ္စဘွန်း ဇူလိုင် ၁၂**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် အပူချိန်မြင့်တက်နေသဖြင့် ရေရှားပါးပြီး ရေပေးဝေရေးစနစ်များ အခက်အခဲဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် အပူလှိုင်းဖြတ်နေသဖြင့် အပူချိန်မြင့်တက်ပြီး ရေချိုခန်းခြောက်မှု၊ ရေသုံးစွဲမှုများပြားလာမှုတို့ကြောင့် ရေရှားပါးပြီး ရေပေးဝေရေးစနစ်များ အခက်အခဲဖြစ်ပေါ်ကာ ဒေသခံများနှင့် ခရီးသွား ထောင်ပေါင်းများစွာ ရေအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် အာဏာပိုင်များက ရေချိုအရင်းအမြစ်များ ပြန်လည်ဖြည့်တင်းနိုင်ရန်အတွက် ရပ်ကွက်များတွင် ညအချိန်ရေပေးဝေမှုကို လျှော့ချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



ညအချိန်ရေပေးဝေမှုကို ယနေ့ည ၁၀ နာရီမှ နောက်နေ့နံနက် ၆ နာရီထိ ယာယီဖြတ်တောက်မည်ဖြစ်ပြီး ရေသိုလှောင်ပမာဏများ ပြန်လည်တိုးတက်လာပါက ပုံမှန်အတိုင်း ပြန်လည်ပေးဝေသွားမည် ဖြစ်ကြောင်း မြူနီစပယ်ကောင်စီ၏ ရေစီမံခန့်ခွဲမှု ထုတ်ပြန်ချက်အရ သိရသည်။

ယခု ရေရှားပါးစဉ်ကာလအတွင်း အာဏာပိုင်များက ရေကို မရှိမဖြစ်လိုအပ်သော အသုံးပြုမှုများအတွက်သာ ခွင့်ပြုထားပြီး ဥယျာဉ်နှင့် ဂေါက်ကွင်းများတွင် ရေသွင်းခြင်း၊ ကားရေဆေးခြင်း၊ ရေကူးကန်များ ရေဖြည့်ခြင်း၊ ကမ်းခြေရေချိုးခန်းများနှင့် အလှဆင်ရေပန်းများ အသုံးပြုခြင်း၊ အပြင်ဘက် မျက်နှာပြင်များကို ရေဆေးကြောခြင်းတို့ကို တားမြစ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အက်စ်တိုးနီးယားနိုင်ငံတစ်ဝန်း မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားပြီး အိမ်ထောင်စု ၈၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်

**တာလင်း ဇူလိုင် ၁၂**

အက်စ်တိုးနီးယားနိုင်ငံတစ်ဝန်းတွင် ဇူလိုင် ၁၁ ရက်က မိုးကြိုးမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားပြီး အိမ်ထောင်စု ၈၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နေသော နေရာများမှာ နိုင်ငံအရှေ့ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် အဓိကဖြစ်ပွားခဲ့ပြီး အရှေ့ပိုင်းရှိ ဗီရူးမားဒေသသည် အဆိုးရွားဆုံးထိခိုက်ခဲ့သည့် နေရာများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နေသော နေရာများကို လျှပ်စစ်မီး အမြန်ဆုံးရရှိစေရေးအတွက် ပြုပြင်ရေးဝန်ထမ်းများကို စေလွှတ်ထားသော်လည်း မိုးကြိုးထိမှန်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်များ၊ သစ်ပင်များလဲကျမှုကြောင့် လျှပ်စစ်ဓာတ်ကြိုးများ ပျက်စီးမှုများသဖြင့် အချိန်အနည်းငယ်ယူ၍ ပြင်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အက်စ်တိုးနီးယား သဘာဝပတ်ဝန်းကျင်အေဂျင်စီက နိုင်ငံတစ်ဝန်းတွင် မိုးကြိုးမုန်တိုင်း ထပ်မံဝင်ရောက်နိုင်သဖြင့် အဆင့် (၂) မိုးကြိုးမုန်တိုင်း သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မိုးကြိုးမုန်တိုင်းတိုက်ခတ်စဉ် မိုးကြိုးပစ်မှုများ၊ လေပြင်းတိုက်ခတ်မှုများနှင့် မိုးသီးကြွေမှုများ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများကို သတိပြုနေထိုင်ကြရန် သတိပေးထားသည်။

Ref : Sputnik News

Trs : KZ

# အန္တာတိကဒေသတွင် ရာသီဥတု ပြောင်းလဲမှုနှင့် အစာရေစာရှားပါးမှုကြောင့် သားမွေးဖျံ ကောင်ရေထက်ဝက်ကျော်ကျဆင်း

**ဂျီနီဗာ ဇူလိုင် ၁၂**

အန္တာတိကဒေသတွင် နေထိုင်ကျက်စားသည့် အန္တာတိက သားမွေးဖျံများသည် ရာသီဥတု ပြောင်းလဲမှုနှင့် အစာရေစာရှားပါးလာမှုတို့ကြောင့် ကောင်ရေထက်ဝက်ကျော် ကျဆင်းလာကြောင်း ယနေ့သတင်းများအရ သိရသည်။

အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏ ထုတ်ပြန်ချက်အရ အန္တာတိက သားမွေးဖျံများကို ယခင်က မျိုးသုဉ်းရန် စိုးရိမ်ဖွယ်မရှိအဆင့် သတ်မှတ်ထားရာမှ ယခုအခါ မျိုးသုဉ်းရန် အန္တရာယ်ရှိသည့်အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊ အန္တာတိက သားမွေးဖျံကောင်ရေသည် ၁၉၉၉ ခုနှစ်တွင် ၂ ဒသမ ၁၈၇ သန်းခန့်ရှိခဲ့ရာမှ လက်ရှိတွင် သုည ဒသမ ၉၄၄ သန်းခန့်သာ ကျန်ရှိတော့သဖြင့် ကောင်ရေ ၁ ဒသမ ၂ သန်းကျော် တစ်နည်းအားဖြင့် ကောင်ရေထက်ဝက်ကျော် ကျဆင်းခဲ့ကြောင်း သိရသည်။

အန္တာတိက သားမွေးဖျံများ ကောင်ရေ ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ ရာသီဥတု ပြောင်းလဲမှုကြောင့် အန္တာတိက ပင်လယ်ရေခဲများနှင့် သမုဒ္ဒရာ ဂေဟစနစ် ပြောင်းလဲလာခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်းကြောင့် ၎င်းတို့၏အစားအစာများ ရှားပါးလာခြင်း စသည်တို့ကြောင့်ဖြစ်သည်။

အန္တာတိကသားမွေးဖျံများ ကောင်ရေပြန်လည်တိုးလာစေရန်အတွက် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာရှင်များက မျိုးပွားရာဒေသနှင့် အစာရှာဖွေရာ ပင်လယ်ပြင်များကို စောင့်ကြည့်လေ့လာခြင်း၊ ကောင်ရေတိုးတက်မှုကို သုတေသနပြုခြင်း၊ ငါးဖမ်းမှုကို ရေရှည်တည်တံ့စွာ စီမံခန့်ခွဲခြင်းနှင့် အဏ္ဏဝါကာကွယ်ထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့သတ်မှတ်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကလျာ

# အောက်လမ်းဆရာ

မောင်ခြိမ့်



ကျုပ်တို့နေတဲ့ ရွာကလေးက ပဲခူးရိုးမရဲ့ တောင်ခြေမှာရှိတယ်။ အိမ်ခြေပေါင်းက ၆ဝ လောက်ပါပဲ။ တစ်ရွာလုံး အိမ်ကြီးရခိုင်တွေချည်းပဲများတယ်။ သစ်ဝါးကလွတ်ပေါတာကိုး။ နွားတဲဆောက်တာတောင် အနည်းဆုံး လုံးပတ်သုံးထွာလောက်ရှိတဲ့ တိုင်တွေမှသုံးတာ။

ရွာမှာဆိုရင် အသက်မွေးဝမ်းကျောင်း အလုပ်ဆိုလို့ လက်ချိုးရေလို့တောင်ရတယ်။ လယ်ယာလုပ်တဲ့ သူတွေရယ်၊ တောတက်ပြီး သစ်ခွဲ၊ ဝါးခုတ်၊ မီးသွေးဖုတ်၊ ထင်းခုတ်တဲ့သူတွေရယ်ဆိုပြီး နှစ်မျိုးနှစ်စားပဲရှိတယ်။

အနီးဆုံးမြို့ကလေးနဲ့ဆို မိုင်သုံးဆယ်လောက်ဝေးတယ်။ နွေဆိုလှည်းလမ်းပေါက်ပေမဲ့ မိုးအခါဆို လမ်းလျှောက်နိုင်ရင်လျှောက်၊ မလျှောက်နိုင်ရင်တော့ဆင်စီးရတယ်။ ဆင်စီးရတယ်ဆိုတာက မြို့မှာကားတွေ ငှားစီးသလိုမျိုးမဟုတ်ဘူး။ အကြုံလိုက်စီးရတာကိုပြောတာ။

ရွာသူရွာသားအားလုံးဟာ ဘိုးစဉ်ဘောင်ဆက်ကတည်းက နေလာကြတဲ့သူတွေချည်းပဲ။ ဒီတော့တစ်ယောက်နဲ့တစ်ယောက်က အတွင်းသိအစဉ်းသိတွေလို့ဆိုရမယ်။ ဆွေနီးမျိုးစပ်အနေနဲ့ လှည့်ပတ်ပြီးတော့ တော်စပ်နေကြတာများပါတယ်။

ရွာသားအားလုံးဟာ ရိုးသားစွာနဲ့ ရှာဖွေလုပ်ကိုင်စားသောက်ကြသူတွေဖြစ်တာမို့ ခိုးမှုတို့၊ လုယက်မှုတို့၊ လိမ်လည်မှုတို့၊ သွေးဆောင်ဖြားယောင်းမှုတို့၊ မုဒိမ်းမှုတို့ စတဲ့အမှုအခင်းတွေမရှိဘူး။ ကျုပ်အဖေဆိုသူကြီးလုပ်လာတဲ့ နှစ်ပေါင်းလေးဆယ်ကျော်အတွင်း အမှုအခင်းတစ်ခါမှကို မဖြစ်ဖူးဘူးလို့ဆိုပါတယ်။

ရိုးတာဟာ မကောင်းဘူးလားလို့ဆိုရင် ကောင်းတယ်လို့ပြောရမယ်။ ဒါပေမဲ့လဲ ရိုးလွန်းတော့ "အ"တယ်ဆိုတဲ့ဘက်ကို ရောက်သွားရင်တော့ နည်းနည်းခက်တာပေ့ါ။ ကျုပ်တို့ရွာမှာ စာသင်ကျောင်းမရှိဘူး။ အရပ်ဒေသက ခေါင်ကလဲခေါင်၊ လမ်းပန်းဆက်သွယ်ရေးကလဲ အခုခေတ်လိုကောင်းတာမဟုတ်တော့ စာသင်ကျောင်းရှိလဲ ဆရာက လာမှာမဟုတ်ဘူးပေ့ါ၊ အနီးဆုံး မူလတန်းကျောင်းရှိတဲ့ရွာနဲ့တောင် ရှစ်မိုင်လောက်ဝေးသေးတာ။

ရွာသားတွေက ရွာမှာစာသင်ကျောင်းမရှိလဲ သူတို့မပူကြပါဘူး။ သူတို့သားသမီးတွေကို ကျောင်းထားရကောင်းမှန်းကိုမသိဘူး။ အဲဒီတော့ ခက်တာက ရွာမှာကျောင်းရလာအောင် ဘယ်သူကမှ စိတ်မဝင်စားဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဟိုးအရင်ကတည်းက ဘယ်သူမှ အတန်းကျောင်း မနေခဲ့ဖူးဘူးလေ။ ယောကျ်ားလေးတွေဆိုရင် ဘုန်းကြီးကျောင်းမှာ တစ်နှစ်၊ နှစ်နှစ်လောက်နေ၊ သေစာရှင်စာလေးတတ်ပြီး ခိုင်းလို့ရတဲ့အရွယ်လဲရောက်ရော ကျောင်းကနေထုတ်ပြီး ခိုင်းကြတာပါပဲ။

လယ်သမား၊ ယာသမားဆိုလဲ ကိုယ့်သားသမီးတွေကို ကိုယ့်လယ်ကိုယ့်ယာထဲမှာ တတ်နိုင်တာခိုင်းတော့တာပဲ။ တောနဲ့၊ တောင်နဲ့၊ သစ်နဲ့၊ ဝါးနဲ့ လုပ်စားသူတွေဆိုရင်လဲ ဒီလိုပဲအလုပ်ထဲမှာ ကူဖော်လောင်ဖက်ရရ ခိုင်းတာပါပဲ။ သူတို့စိတ်ထဲမှာတော့ စာတတ်ရင် ဘာလုပ်ဖို့တုံး။ ဘယ်မှာသွားပြီး ဘာမှလဲ လုပ်စားမှာမှ မဟုတ်တာ။

တောတက်ပြီး မီးသွေးဖုတ်တာ၊ မျှစ်ချိုးတာ၊ သစ်ခွဲတာ၊ လယ်လုပ်ယာလုပ်တာတွေဟာ စာတတ်မှမဟုတ်ဘူး၊ သူ့ဟာနဲ့သူတော့ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ဖြစ်နေတာပဲ၊ အလကားအားအားယားယား ကျောင်းထားဖို့မလိုဘူးလို့ ယူဆထားကြတယ်။ ဟုတ်တယ်လေ စာမတတ်လို့ ထမင်းငတ်တယ်ဆိုတာ သူတို့ ရွာမှာရှိမှမရှိတာကိုး။ ဒါပေမဲ့ ထမင်းသာမငတ်တာ အသိဉာဏ်ငတ်နေတယ်ဆိုတာကိုတော့ သူတို့ မသိကြဘူး။

တစ်ခုတော့ရှိတယ်။ အဲဒါကတော့ တစ်ရွာလုံးရှိရှိသမျှ လူအားလုံး စုန်း၊ တစ္ဆေ၊ ကဝေ၊ အောက်လမ်း၊ ပယောဂ စတာတွေကိုတော့ ဘယ်သူကမှ စည်းရုံးစရာ၊ တိုက်တွန်းစရာမလိုဘဲ ယုံကြည်ကြတာပါပဲ။ အမယ် မယုံဘူးဆိုတဲ့လူတစ်ယောက်ရှိတယ် ဆိုကြပါစို့၊ တစ်ရွာလုံးက သူ့ကိုလူရာမသွင်းတော့ဘူး။ အပေါင်းအသင်းတောင် မလုပ်တော့ဘူး။ အဲဒီလောက်ထိ အယုံအကြည်ရှိကြပါတယ်။

ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ် တစ်ယောက်ယောက်ဖျားပြီ၊ နာပြီဆိုရင် တတ်ကျွမ်းနားလည်တဲ့ မြန်မာဆေးဆရာပဲဖြစ်ဖြစ်၊ ဆေးရုံဆေးခန်းပဲဖြစ်ဖြစ် သွားပြပြီးကုသဖို့ ဘယ်သူမှ စိတ်မကူးကြပါဘူး။

သူတို့ အရင်ဆုံးလုပ်မှာကတော့ ခေါစာပစ်တာပါပဲ။ ခေါစာပစ်တယ်ဆိုတာ ဝါးကလေးတွေခွဲပြီး နီးသပ်၊ ဝါးဇုန်းကလေးတစ်ခု ခပ်ကျဲကျဲရက်ရတယ်၊ ငှက်ပျောရွက်စိမ်းကိုခင်းပြီး ထမင်းထည့်၊ အပေါ်ကမှ ဝက်သားဖြစ်ဖြစ်၊ အမဲသားဖြစ်ဖြစ်၊ ကြက်သားဖြစ်ဖြစ် ဟင်းချက်ပြီးပုံထားတာပဲ။ အဲဒါကိုညနေနေဝင်ရီတရောအချိန်မှာ ကိုယ့်ရဲ့အိမ်နောက်ဖေးမှာပဲဖြစ်ဖြစ်၊ ခပ်လှမ်းလှမ်း တောစပ်တစ်နေရာမှာပဲဖြစ်ဖြစ် သွားထားရတာပါပဲ။ ရွာသူတွေ၊ ရွာစောင့်တွေကို ကျွေးတယ်ပေ့ါ။

အဲဒီခေါစာပစ်တာကို ကိုယ့်သဘောနဲ့ကိုယ်လုပ်လို့မရဘူး။ ရွာတောင်ဘက်မှာနေတဲ့အရီးဒေါ်သူဇာဆီမှာ သွားပြီးမေးရသေးတယ်။ လက်ချည်းပဲသွားလို့မရဘူး။ ဆန်တစ်ပြည်၊ ငွေတစ်ကျပ်နဲ့သွားရတာ။

အရီးဒေါ်သူဇာက ရွာသူကိုကျွေးရမယ်၊ ဘယ်ဟင်းနဲ့ ဘယ်နေရာမှာသွား ခေါစာပစ်၊ ဒါမှမဟုတ် ဒါက ကွင်းပိုင်ကြီးက မကျေနပ်လို့လုပ်တာ ဘယ်ဟင်းနဲ့ ဘယ်နေရာ၊ ဘယ်အပင်အောက်မှာ သွားကျွေးပါစသဖြင့် စီစဉ်ညွှန်ကြားတဲ့အတိုင်းလုပ်ရတာ။ လုပ်တဲ့လူကလဲ ယုံယုံကြည်ကြည်လုပ်တာပဲ။ ပျောက်တဲ့အခါလဲရှိတယ်။ မပျောက်လို့သေလဲ ဘယ်သူကမှ တရားမစွဲဘူး။ ကံတရားပဲပေ့ါဆိုပြီး ကံကိုသာပုံချတာပဲ။ အဲ တိုက်ဆိုင်လို့ပဲဖြစ်ဖြစ်၊ သူ့ဘာသာသူ အခြားဆေးမြီးတိုနဲ့ဖြစ်ဖြစ် ကောင်းသွားရင်တော့ အရီးဒေါ်သူဇာတစ်ယောက် လာဘ်ရွှင်တော့တာပဲ။

အရီးဒေါ်သူဇာက အသက် ၆ဝ လောက်ရှိပြီ။ လူကောင်သေးသေးညှက်ညှက်နဲ့ ယောကျ်ားမရှိတော့ပေမဲ့ သမီးလေးတစ်ယောက်ရှိတယ်။ အသက် ၁၇နှစ်၊ ၁၈နှစ်လောက်ရှိပြီ။ ချောချက်ကတော့ မပြောနဲ့။ ခုခေတ်လူတွေတော့ သိမှာမဟုတ်ဘူး။ ဟိုးအရင် တစ်ခေတ်က နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်မင်းသမီး မေရီမြင့်နဲ့ တော်တော့်ကိုတူတာ။

ဒီလို သားအမိနှစ်ယောက်တည်းနေတာဆိုပေမဲ့ ရွာထဲက ဘယ်သူမှမစော်ကားရဲဘူး။ လူကိုတင်မစော်ကားရဲတာမဟုတ်ဘူး။ သူတို့ခြံစည်းရိုးမှာပေါက်နေတဲ့ ဟင်းသီးဟင်းရွက်တစ်ညွန့်၊ တစ်ဖူးကိုတောင် ဘယ်သူမှမခူးရဲဘူး။

အရီးဒေါ်သူဇာတို့ကို သွားပြီးစော်ကားမိတဲ့ သူကတော့မလွယ်ဘူး။ တစ်ခုမဟုတ်တစ်ခုတော့ ဖြစ်တာပဲ။ တချို့ဆို ဗိုက်ထဲမှာ အပင်းသွင်းခံရပြီသာမှတ်ပေတော့။

အပင်းသွင်းတယ်ဆိုတာ ဗိုက်နာတယ်ဆိုပြီး ခဏအကြာ ဗိုက်ကြီးကဖောင်းကားလာပြီး မနေနိုင်မထိုင်နိုင်ဖြစ်လို့ အောက်လမ်းဆရာတွေခေါ်ပြရင်၊ ဆေးသောက်လိုက်ရင် အသားတုံးအသားတစ်တွေထွက်လာသတဲ့။ အန်ထုတ်ရတာပေ့ါ။ အချို့မိန်းမတွေဆို အရီးဒေါ်သူဇာနဲ့ စကားပြောမတဲ့လို့ အပင်းသွင်းခံရတာ ကလေးမွေးလာရင် အသားတစ်တွေ မွေးသတဲ့။ အမယ် အသားတစ်တွေမှာ ဆံပင်ချည်တွေတောင်ပေါက်နေသတဲ့။ ကျုပ်တို့ကတော့ အဲဒီလိုဖြစ်တာကို မမြင်ဖူးပါဘူး။ တစ်ဆင့်စကားပြောသံကြားရတာနဲ့ကို တစ်ရွာလုံးကြောက်သလို ကျုပ်လဲကြောက်တာပါပဲ။ ယုံတာမယုံတာနဲ့ ကြောက်တာကတခြားစီပဲလို့ ကျုပ်ကတော့ ထင်တာပဲ။

ဒါကြောင့်လဲ ရွာသူရွာသားတွေက မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို သူတို့သားအမိကိုကြည့်ပြီး အဆင်ပြေအောင်နေကြရတယ်။ ကျုပ်ကိုတော့ အဖေနဲ့အမေက မြို့မှာပို့ပြီး ကျောင်းထားပေးတယ်။ ကျုပ်အဖေက သူကြီးလဲဖြစ်၊ လယ်ကလေးကလဲ ဧက ၂ဝ လောက်ရှိ။ ပြီးတော့ တပည့်တပန်းတွေနဲ့ သစ်ထုတ်တဲ့အလုပ်ကလဲရှိတယ်။ ဆိုတော့ကာ ကျုပ်တို့ရွာမှာတော့ ကြေးရတတ်သူဌေးပေ့ါ။

အဲဒါကြောင့် မိုင်သုံးဆယ်လောက် ဝေးတဲ့မြို့မှာ အဖေ့ရဲ့ ဆရာသမားလဲဟုတ်၊ မိတ်ဆွေလဲဟုတ်တဲ့ မြေတိုင်းစာရေးကြီးရဲ့ အိမ်ကိုပို့ပြီး ကျောင်းတက်ခိုင်းတာ။ အခုဆို ကျုပ်၁ဝတန်းတောင်ရောက်နေပါပြီ။ မြို့မှာနေရတော့ ရွာကလူတွေထက်တော့ အမြင်ကျယ်တာပေ့ါ။ ပညာတတ်တော့ အသိပညာဗဟုသုတ ပိုရှိတော့တာပေ့ါ။ ဒါကြောင့်လဲ စောစောကပြောခဲ့သလို ကျုပ်ကတော့မယုံချင်ဘူး။ သူတို့ယုံကြည်နေတဲ့ အပင်းသွင်းတာတို့၊ ပြုစားတာတို့၊ ပယောဂတို့ဆိုတာတွေကို တွေ့ရကြားရတော့ ရယ်ချင်တယ်။ ဒါပေမဲ့ အဖေနဲ့ အမေက ကျုပ်ကို ဆုံးမတယ်။

"သားရယ်၊ သားမယုံရင်လဲနေပါ။ သူတို့ယုံတာသူတို့လုပ်ကြပါစေ၊ ကိုယ့်မထိခိုက်ရင် ပြီးတာပါပဲ"လို့ ခဏခဏ တားတားနေရတယ်။

ကျုပ်ကလဲ မယုံဘူးသာပြောတာပါ။ တစ်ရွာလုံးမှာအချောဆုံး၊ အလှဆုံးဖြစ်တဲ့အရီးဒေါ်သူဇာရဲ့ သမီးကိုတော့ ကြိုက်လဲကြိုက်တယ်။ လိုလဲလိုချင်တယ်။ ခက်တာဘယ်လိုမှ မစရဲမပြောရဲဘူး။ အမူအရာနဲ့တောင်မှ မပြရဲဘူး။ မတော်လို့ သူ့သမီးက မကျေနပ်လို့ သူ့အမေကိုများ တိုင်လိုက်လို့ ငါ့ကိုများ တစ်ခုခုလုပ်လိုက်ရင် ဒုက္ခရောက်ရချေရဲ့ဆိုတဲ့အတွေးကြောင့် စကိုမစဖြစ်ပါဘူး။

ကျုပ်တို့ရွာက စပါးဆန်ရေကလဲပေါ၊ ဝါး၊ မီးသွေး၊ မျှစ် စတဲ့တောတောင်ထွက်ပစ္စည်းတွေကလဲပေါလေတော့ စီးပွားရေးအတွက်မြင်တဲ့ လူရည်ခပ်လည်လည် မြို့သားတစ်ယောက် ကျုပ်တို့ရွာကို ရောက်လာခဲ့တယ်။

ရွာမှာ အားလုံးကိုမီးသေတဲ့ ကျုပ်အဖေသူကြီးဆီကို ဦးတိုက်ပြီးလာတာ။ ကျုပ်အဖေနဲ့အမေကလဲ ရိုးရိုးအအထဲကဆိုတော့ အဲဒီကိုလူလှဆိုတဲ့ မြို့သားက လက်ဆောင်ပစ္စည်းတွေပေးပြီးတဲ့အပြင် စကားပြောလဲကောင်းတော့ ကျုပ်တို့ အိမ်မှာကို တင်ထားတော့တာ။

ကိုလူလှက ငွေတော်တော်ပါပုံရတယ်။ နှမ်းပေးကြိုတင်ငွေယူမလား၊ မီးသွေးပေး၊ မျှစ်ပေး၊ ဝါးပေး၊ သစ်ပေး၊ ကြိုက်တာကိုပေးမယ်ဆိုပြီး ကြိုယူရတယ်။ ပြီးတော့ သူကမြို့ကိုမကြာမကြာတက်ပြီး ပစ္စည်းအသစ်အဆန်းတွေ၊ အလှကုန်တွေ၊ အဝတ်အစားတွေ ဝယ်လာပြီး ရောင်းတတ်သေးတာ။ အဲဒီတော့ တစ်နှစ်လောက်အတွင်းမှာကို တော်တော်အဆင်ပြေတယ်လို့ဆိုတယ်။

စာမျက်နှာ ၂၇ သို့ á

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၁၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၁၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၂၄၃၃၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေး လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၂၆ မှအဆက်

ကိုလူလှရဲ့အသက်က ဘာရှိအုံးမှာလဲ။ အနည်းဆုံးလွန်ရောကျွံရော သုံးဆယ်ပေါ့။ လူပုံက ခပ်နွဲ့နွဲ့နဲ့ အသားညိုတယ်။ မျက်နှာမှာ ကျောက်ပေါက်မာနဲ့ နှုတ်ချိုတာမှာတော့လွန်ရော၊ အဝတ်အစားကလဲ အမြဲတမ်းသပ်သပ်ရပ်ရပ်နဲ့ အသန့်အပြန့်ကြိုက်တယ်။ ရွာကိုရောက်စတုန်းကတော့ ရွာခံကာလသားတွေက သိပ်မကြည်ဘူး။ အစစအရာရာသူတို့ထက်သာနေတော့ ရွာကအပျိုတွေ ပါသွားမှာ မနာလိုဘူးပေါ့။

ဒါပေမဲ့ ရောက်ပြီးနှစ်လ၊ သုံးလအတွင်းမှာပဲ ပေးနိုင်ကျွေးနိုင်လဲရှိပြီး လက်ဖွာတတ်တဲ့ကိုလူလှကို အားလုံးခင်သွားတော့တာပါပဲ။ ကိုလူလှက မျက်နှာချိုရုံ၊ စကားပြောကောင်းရုံ၊ ကျွေးနိုင်မွေးနိုင်ရုံတင် မကဘူး ဘင်ဂျိုလဲ အတီးကောင်းတယ်။ အသံကလဲ အကောင်းကြီးမဟုတ်ပေမဲ့ ဆိုတတ်တယ်ဆိုတော့ ကျုပ်တို့ရွာမှာ ကိုလူလှက ပေါ်ပြူလာအဖြစ်ဆုံးပေါ့ဗျာ။ လက်ကျလက်နကလဲ တော်တော်ကောင်းတယ်လို့ဆိုကြပါတယ်။

သူ့ရဲ့ ရွှေစံပယ်ရုံ၊ မြတ်နိုးသူ၊ မေ့ပါနဲ့နှင်းနွယ်နဲ့ နဂါးနီသီချင်းတွေများ နားထောင်ရရင် "ကိုလူလှမပြန်နဲ့တော့ဗျာ၊ ကျုပ်တို့ကာလသားချက်ကလေးနဲ့ မိုးလင်းကြရအောင်"လို့ ကာလသားတွေက လက်မလွှတ်တမ်း ဆွဲထားကြတော့တာပဲ။ ကြက်သားဖိုးတော့ ကိုလူလှက စိုက်ရတာပေါ့လေ။

ဟိုတုန်းက ကျုပ်တို့ရွာဆိုတာ အခုခေတ်မှာလို တီဗီတို့၊ ဗီဒီယိုတို့ရှိတာမှ မဟုတ်တာ။ ရေဒီယိုတောင်မှ လက်ချိုးရေရင် တစ်ရွာလုံးမှ ဘုရားစူးရပါစေရဲ့ ကျုပ်အဖေသူကြီးအိမ်မှာ တစ်လုံး၊ သစ်ဆွဲဆင်ပိုင်ကြီးအိမ်မှာတစ်လုံး ဒါပဲရှိတယ်။ ဟိုတုန်းကပေါ်ခဲ့တဲ့ ကြွခိုင်ရေးဆိုတဲ့ သစ်သားကိုယ်ထည်နဲ့ပေါ့။

ဆိုတော့ကာ ရွာမှာဖျော်ဖြေရေးဆိုလို့ ဘာမှမရှိဘူး။ လသာသာညတွေမှာ ရွာ့အပြင်ကောက်နယ်တလင်းပြောင်ပြောင်၊ ကောက်ရိုးပုံဘေးမှာ ကာလသားတွေစုပြီး ကိုလူလှရဲ့ ဘင်ဂျိုတစ်လက်နဲ့ ပျော်နေကြရတော့တာပဲ။

ကိုလူလှတစ်ယောက် တစ်ရွာလုံးနဲ့အဆင်ပြေပြီး ခင်ခင်မင်မင်ရှိတယ်ဆိုတော့ ကျုပ်အဖေနဲ့အမေက ကိုယ့်အိမ်မှာလာနေပြီး စီးပွားရှာတဲ့ တစ်ရွာသားအတွက် စိတ်အေးရတာပေါ့။

အဲဒီလိုနဲ့ နေလာလိုက်တာ တစ်နေ့မှာတော့ ကျုပ်သတင်းတစ်ခုကြားတယ်။ ကိုလူလှတစ်ယောက် ရည်းစားရှိနေပြီဆိုပဲ။ ဒီလောက် လူချစ်လူခင်ကလဲများ၊ ပစ္စည်းဥစ္စာကလဲ သုံးနိုင်ဖြုန်းနိုင်တဲ့ သူမှာရည်းစားရှိလာတာ အဆန်းတော့မဟုတ်ပေဘူးပေါ့။ ဒါပေမဲ့ ဆန်းတော့ဆန်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရည်းစားက အခြားသူမဟုတ်ဘူး။ အရီးဒေါ်သူဇာရဲ့သမီးဖြစ်နေလို့ပဲ။ ရွာထဲက ကာလသားတွေက တားကြဖျက်ကြသေးသတဲ့။ ဒါပေမဲ့ မရဘူးတဲ့။ အရီးဒေါ်သူဇာ သွင်းချင်တဲ့အပင်းသွင်းပါစေ၊ ပြုစားချင်သလိုပြုစားပါစေ သူမကြောက်ဘူးတဲ့။ နောက်လဲမဆုတ်ဘူးဆိုပဲ။ သူ့မှာလဲ ပညာရှိလို့ပြိုင်ကြတာပေါ့လို့တောင် ပြောသေးသတဲ့။

ရွာသားတွေကလဲ ခပ်ရိုးရိုး၊ ခပ်အအတွေမဟုတ်လား။ ကိုလူလှကို ပိုပြီးအထင်ကြီးကုန်ကြပြန်ရော။ ဘကြီးဘုန်းကြီးရဲ့ဆေးများဆောင်ထားလို့လား။ အထက်လမ်းဆရာများလား။ အောက်လမ်းဆရာများလား ထင်ကြေးပေးကြတယ်။

ဒါပေမဲ့ "လုံ့ဖျားပုစဉ်းနား ကျီးကန်းကချေးပါ" ဆိုသလို ကိုလူလှနဲ့ တော့ခပ်ခွာခွာနေလာကြတယ်။ တော်တော်ကြာ သူနဲ့ပေါင်းတယ်ဆိုပြီး အရီးဒေါ်သူဇာက အပင်းသွင်းလိုက်ရင် ကိုယ်ပဲခံရမှာဆိုတော့ ကြောက်ကြတာပေါ့။

အဲဒါနဲ့ နောက်ဆုံးတိုတိုပဲပြောရရင် ကိုလူလှတစ်ယောက် မြို့တက်ပစ္စည်းဝယ်အုံးမယ်ဆိုပြီး ထွက်သွားလိုက်တာ သုံးလ၊ လေးလ လောက်ရှိပြီ ပြန်မလာဘူး။ မျှော်သာမျှော်တယ်။ လုံးဝကိုပေါ်မလာတော့ဘူး။

အဲဒီအချိန်မှာ ပြဿနာကစတာပါပဲ။ ဒေါ်သူဇာရဲ့သမီး ရေနံ့ဆီသောက်သတဲ့။ (တောက မိန်းကလေးတချို့ စိတ်ညစ်ရင် ရေနံ့ဆီသောက်ပြီး သေကြောင်းကြံတတ်ကြတယ်။ ဟိုတစ်ချိန်တုန်းကပါ၊ သေတော့လဲ မသေပါဘူး။)

လူသိမြန်တော့ အန်ထုတ်ခိုင်းတယ်။ ကန်စွန်းရွက်ထောင်းပြီး ဆားနဲ့ဖျော်တိုက်တယ်။ သက်သာသွားပါတယ်။ ဒါပေမဲ့ ခက်တာက။

ဘာဖြစ်လို့ သေကြောင်းကြံချင်ရတာလဲလို့ မေးစရာဖြစ်လာပြီပေါ့။ ကျုပ်ပြောပြီးခဲ့ပါပကော။ ကျုပ်တို့ရွာက အိမ်ခြေ ၆၀ လောက်ပဲရှိတာပါလို့။ တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိအစဉ်းသိတွေပါ ဆိုတာလေ။

မကြာပါဘူး။ အကြောင်းစုံကို ရွာကအရပ်လက်သည်(ဝမ်းဆွဲသည်) ဒေါ်သောင်းက လျှောက်ပြောတော့တာပဲ။ ဒေါ်သူဇာရဲ့သမီးမှာ ကိုယ်ဝန်ငါးလလောက်ရှိနေပြီတဲ့။ အပျိုဗိုက်မို့ မပေါ်တာတဲ့။ နှစ်လ၊ သုံးလကတည်းက သူနဲ့ဖျက်ချ၊ တွန်းချ၊ နှိပ်ချခဲ့တာမရဘူးတဲ့။ အထဲကဟာလေးက အသက်ပြင်းသတဲ့။ အခုတော့ဖုံးလို့မရ၊ ဖိလို့မရနဲ့ ဘူးပေါ်သလို ပေါ်တော့တာပေါ့။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရွာကကျုပ်တို့ကာလသားလောကမှာ အချင်းချင်း အတည်လိုလို၊ နောက်သလိုလိုနဲ့ ပြောတတ်ကြတယ်။

"အရီးဒေါ်သူဇာသွင်းတဲ့အပင်းက အန်ထုတ်ရင်ရသေးသတဲ့၊ အင်း...ကိုလူလှရဲ့"

တချို့ကတော့ ကိုလူလှက အောက်လမ်းဆရာစစ်စစ်ဆိုပဲ။

## စိမ်းလန်းဝေဖို့ ကြိုးပမ်းစို့

– ဥတုရာသီ တောရိပ်မှီ
သတိချပ် သိစေရည်၊
တောတောင်မဟီ စိမ်းစိုလန်း
ဝန်းကျင်အလှလွှမ်း။

– စိုပြည်အေးချမ်း နိုင်ဖို့ရာ
ရာသီမှန်မှသာ၊
ချိန်မှန်ညီစွာ အလှည့်ကျ
ကောင်းကျိုးများ ပြည့်ဝ။

– ဥတုမျှတ ညီညွတ်လျှင်
သဘာဝဘေး ကင်းစင်၊
တောတောင်ဝန်းကျင် အလှကိန်း
ချမ်းမြေ့ရင်အေးငြိမ်း။

– မစိမ်းမမြ ယွင်းမဲ့သော်
ဖောက်ပြန် ထိပ်တိုက်ပေါ်၊
စိန်ခေါ်မှုနဲ့ ကမ္ဘာမြေထု
ပူနွေးမှု အကြောင်းပြု။

– ပြောင်းလဲမှုများ နောက်ကွယ်မှာ
သဘာဝဘေးစုံစွာ၊
ကုစားဖွယ်ရာ ကျားကန်ရင်း
ဖြေရှာတုံ့ပြန်ရှင်း။

– ယိုယွင်းမှုနဲ့ ကမ္ဘာမြေ
ပူနွေးမှု သက်သေ၊
အိုဇုန်းလွှာအခြေပျက်စီးတော့
ဆိုးရွားမင်းမှုပေါ့။

– တွေးရှုမြင်လော့ ဆိုးကျိုးငင်
အယ်နီညို ဖြစ်စဉ်၊
တောတောင်ဝန်းကျင် စိမ်းလန်းရေး
ဖြည့်စွမ်း ရှေ့မြော်တွေး။

– သဘာဝဘေး ဝေးစေချင်
စိမ်းလော့ တောဥယျာဉ်၊
ကြီးမြန်သစ်ပင် ပျိုးထောင်လို့
အားလုံးတာဝန် ရှိပြီမို့
စိမ်းလန်းဝေဖို့ ကြိုးပမ်းစို့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတော်စီးပွားရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေဖို့ ဝါးစိုက်ပျိုးကြပါစို့

မောင်စိန်အိ(နဘဲမြေ)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သော နိုင်ငံဖြစ်သည်။ နိုင်ငံရှိလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြသည်။ နိုင်ငံရှိလူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသူများဖြစ်သည်။

ထိုသို့သောအခြေအနေတွင် စိုက်ပျိုး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။ အထူးသဖြင့် လူအများစုမှီတင်း နေထိုင်ကြသည့် ကျေးလက်ဒေသစီးပွားရေးကို မြှင့်တင်ပေးနိုင်လျှင် နိုင်ငံ့စီးပွားရေးလည်း တိုးတက်မြင့်မားလာပြီး ဆင်းရဲမှုကိုလျှော့ချနိုင်မည်ဖြစ်သည်။ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရာ၌ စပါးနှင့်ဆီထွက်သီးနှံများအပြင် ကျေးလက်လူမှုဘဝတွင် များစွာအရေးပါသည့် ဝါးကိုလည်း စီးပွားဖြစ်စိုက်ပျိုးသွားသင့်သည်။

**ဝါးများစိုက်ပျိုးဖြစ်ထွန်း**

ကမ္ဘာပေါ်တွင် ဝါးမျိုးစု ၈၈ စုနှင့် မျိုးစိတ် ၁၄၀၀ ရှိသည်။ အာရှ-ပစိဖိတ်ဒေသတွင် ဝါးမျိုးစု ၅၀ ကျော်နှင့် မျိုးစိတ် ၉၀၀ ရှိသည့်အနက် မိမိတို့မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၂ စု၊ မျိုးစိတ် ၁၀၂ မျိုးနှင့် ပေါက်ရောက်မှုဧရိယာဧက ၅ ဒသမ ၄ သန်းရှိသည်။ ၎င်းတို့အနက် ကြခတ်ဝါး၊ တစ်ပင်တိုင်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး၊ တင်းဝါး၊ ကြလိုဝါး၊ ဝါးပိုး၊ မြင်ဝါး၊ ကရင်ဝါး၊ ဝါးယား၊ ထီးရိုးဝါး စသည့်ဝါးမျိုးစိတ်များသည် စီးပွားရေးဈေးကွက်ဝင်သည့် ဝါးအမျိုးအစားများဖြစ်ကြသည်။

မြန်မာနိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားတွင် ဝါးများပေါက်ရောက်လျက်ရှိရာ အဓိကစိုက်ပျိုးသောဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြံခင်း၊ မြန်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်ရှိ ကျေးရွာများဖြစ်ကြသည်။ ၎င်းတို့အနက် ကော့မှူးမြို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဝါးယားနှင့် ထီးရိုးဝါးပံ့ပိုးပေးနေသည့် မြို့ဖြစ်သည်။ ငြမ်းဆင်သည့်ဝါးများသည် အများအားဖြင့် ဝါးယားများဖြစ်ကြပြီး ထိုဝါးမျိုးသည် ကွေးညွတ်ခြင်းကို ခံနိုင်ရည်ရှိသည်။

မြန်မာနိုင်ငံတွင်ပေါက်သည့်ဝါးများမှာ တရုတ်၊ ဂျပန် စသည့်နိုင်ငံတို့မှ ဝါးမျိုးများကဲ့သို့ တစ်ပင်ချင်းပေါက်သည့်ဝါးမျိုးမဟုတ်ဘဲ အစုလိုက်၊ အရုံလိုက်ပေါက်သည့်ဝါးမျိုးဖြစ်သည်။ ဤဝါးမျိုးသည် မြေအောက်ပင်စည်မှအဖူးသည် မြေအောက်ရှိ မိခင်ပင်စည်၏အနီး၊ သို့မဟုတ် ဘေးတွင်ကပ်လျက်မျိုးပွားခြင်းကြောင့် ဝါးရုံတစ်ခုအဖြစ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**အကျိုးပြုလျက်ရှိ**

သဘာဝဝါးရုံများသည် မြေဆီလွှာကို ကောင်းမွန်စေပြီး ရေတိုက်စားမှုကို ကာကွယ်နိုင်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူထားနိုင်မှုမြင့်မားသည့်အတွက် လေထုကိုသန့်စင်စေပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်စေသည်။ ထို့ပြင် ဝါးပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးခြင်း၊ အစိုဓာတ်ရှိနေချိန်တွင် စုပ်ယူထားရှိပြီး လုံးဝခြောက်သွေ့ချိန်တွင် အစိုဓာတ်များ ပြန်လည်ထုတ်ပေးခြင်း စသည်ဖြင့် ပတ်ဝန်းကျင်ကိုအကျိုးပြုလျက်ရှိသည်။

ထို့ကြောင့် ဝါးပင်များသည် လူ၊ တိရစ္ဆာန်၊ သစ်ပင်များနှင့် သဘာဝတောတောင်များအတွက် အလွန်အရေးပါသောအပင်ဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာ့ကြီးထွားမှုအမြန်ဆုံး အပင်အမျိုးအစားဖြစ်ပြီး တစ်နေ့လျှင် တစ်မီတာထိမြင့်မားနိုင်သည်။ တစ်ရာသီအတွင်းမှာပင် လိုအပ်သည့် အမြင့်ပမာဏကို ရောက်ရှိနိုင်သည်။ ဝါးပင်များသည် လေထုထဲရှိ မြောက်မြားလှစွာသော ကာဗွန်ဒိုင်အောက်ဆိုက်



ဓာတ်ငွေ့များကို စုပ်ယူနိုင်စွမ်းရှိသည်။ ဝါးစိုက်ခင်း တစ်ဧကလျှင် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက် တန် ၂၀၀ ခန့်စုပ်ယူနိုင်ပြီး အောက်ဆီဂျင်တန် ရာနှင့်ချီ၍ ထုတ်လုပ်နိုင်သည်။

ဝါးစိုက်ခင်းနှင့် ပမာဏချင်းညီမျှသော တောအုပ်ငယ်တစ်ခုသည် ကာဗွန်ဒိုင်အောက်ဆိုက် ၁၅ တန်ခန့်ကိုသာ စုပ်ယူနိုင်သော်လည်း ဝါးပင်များသည် လေထုထဲမှ ကာဗွန်ကိုစုပ်ယူနိုင်မှုစွမ်းအားသည် အခြားအပင်များထက် ပိုမိုထိရောက်မှုရှိသည်။ အထူးသဖြင့် ဝါးပင်၏အမြစ်ဖွဲ့စည်းမှုသည် ကျစ်လျစ်ခိုင်မာသည့်အတွက် မြေဆီလွှာရေတိုက်စားမှုကိုကာကွယ်ပေးသည်။ စနစ်တကျခုတ်ယူပါက အခြားသစ်ပင်များကဲ့သို့ အသစ်ပြန်လည်စိုက်ပျိုးရန် မလိုဘဲ ပြန်ပေါက်သည့်အတွက် ပြုန်းတီးရန်ခက်ခဲသည့်အပင်မျိုးဖြစ်သည်။ ထို့ပြင် ဝါးပင်သည် ရာသီဥတုပူနွေးမှုကို လျှော့ချသည့်နေရာတွင်လည်း ကူညီနိုင်စွမ်းရှိသည်။

**အသုံးပြုလျက်ရှိ**

မြန်မာနိုင်ငံသည် ဝါးအမျိုးအစားများစွာ ပေါက်ရောက်သည့်နိုင်ငံဖြစ်သည့်အလျောက် ဝါးကိုတွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ အိမ်ဆောက်၊ ခြံကာ၊ တံတားထိုးခြင်းမှသည် လယ်လုပ်ငန်း၊ ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်း၊ တံငါလုပ်ငန်းတို့တွင် လုပ်ငန်းသုံးကိရိယာများ၊ နေ့စဉ်အိမ်မှုကိစ္စအသုံးအဆောင်များ၊ တိုက်ခိုက်ရေးလက်နက်များထိ ဝါးကိုသုံးစွဲကြသည်။ မျက်မှောက်ခေတ်တွင်မူ ဝါးကိုကုန်ကြမ်းအဖြစ်သုံးစွဲ၍ နည်းပညာနှင့်ပေါင်းစပ်ပြုပြင်ကာ တန်ဖိုးမြင့်ကုန်ချောပစ္စည်းအမျိုးမျိုးတို့ထုတ်လုပ်နေကြပြီဖြစ်သည်။ ဝါးမှ စက္ကူ၊ အဝတ်အထည်၊ ပရိဘောဂ၊ ပါကေး၊ အထပ်သားနှင့် လက်မှုအနုပညာပစ္စည်းများ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ စသည်တို့ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

**MSME ဖွံ့ဖြိုးရေး**

မြန်မာနိုင်ငံ၌ ဝါးမျိုးစိတ်စုံလင်စွာ ပေါက်ရောက်ရှင်သန်နိုင်ပြီး နှစ်စဉ်ဝါးအလုံးရေ သန်းပေါင်း ၃၀၀ ခန့် ထုတ်လုပ်နိုင်သည့်အတွက် ဝါးသယံဇာတကို အခြေခံပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များဖော်ဆောင်နိုင်သည့် အားသာချက်များရှိနေသည်။ ဝါးသည် တန်ဖိုးကြီးမားသော သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ဝါးနှင့်ပတ်သက်သည့်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် အဆင်ပြေစေသည်။ ကုန်ကြမ်းတန်ဖိုးမြင့်မားမှုမရှိသလို ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်ထုတ်လုပ်နိုင်သော မိရိုးဖလာနည်းပညာများလည်းရှိထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အရည်အသွေးမီ ဝါးလက်မှုပစ္စည်းများ၊ ဝါးပါကေး၊ ဝါးအထပ်သား၊ ဝါးဖျာ၊ ဝါးမီးသွေး၊ ဝါးအချဉ်ရည်မှ ဆေးဝါး၊ ဝါးအလှကုန်ပစ္စည်း၊ ဝါးမျှင်မှဝါးချည်ထည် အဝတ်အစားအစရှိသည့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်လာပြီဖြစ်သည်။ ထို့ကြောင့် တန်ဖိုးမြင့်ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတော်က အားပေးဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှနေ၍ အထောက်အကူပြုစေမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဝါးစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာရေးအတွက် စီစဉ်ပေးခြင်း၊ ဝါးထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်မှုဇုန်ဖန်တီးပေးခြင်း၊ ပို့ကုန်အမည်သစ်အဖြစ် မျှစ်စိုက်ခင်းများ သီးသန့်ဖော်ဆောင်၍ တန်ဖိုးမြင့်မျှစ်စည်သွတ်ဘူးလုပ်ငန်း ထုတ်လုပ်နိုင်ရေးကို အားပေးခြင်းနှင့် အခွန်အခများလျှော့ပေါ့ပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်မည်ဆိုလျှင် မြန်မာ့ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးလာပြီး MSME လုပ်ငန်းများတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးပညာရှင်များကလည်း ဝါးပင်များသည် MSME လုပ်ငန်းများအတွက် များစွာအသုံးဝင်သောကြောင့် နိုင်ငံတစ်ဝန်းတွင် ဝါးစိုက်ခင်းများကို မူဝါဒချမှတ်ကာ စနစ်တကျစိုက်ပျိုးသွားသင့်ကြောင်း အကြံပြုထားကြသည်။

**လူကြိုက်များသော မျှစ်**

ဝါးမှထွက်သောမျှစ်သည် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများစွာတို့တွင် လူကြိုက်များသည့် အစားအစာဖြစ်သည်။ မျှစ်သည် ရှေးယခင်က တစ်နှစ်လျှင် တစ်ကြိမ်ပေါ်သည့် ရာသီစာဖြစ်သော်လည်း မျက်မှောက်ကာလတွင်မူ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်၍ ချိန်ခါမရွေး ဈေးကွက်တွင်ရရှိနိုင်လာသည်။ ဝါးမျိုးပေါင်း ၄၀ ခန့်မှ ထွက်သည့်မျှစ်များသည် စား၍ရသော မျှစ်များဖြစ်ပြီး မျှစ်စို၊ မျှစ်ခြောက်၊ မျှစ်ချဉ်စသည်ဖြင့် ပုံစံမျိုးစုံစားသုံးကြသည်။

အထူးသဖြင့် မြင်ဝါး၊ ဝါးပိုး၊ ကြသောင်း၊ ကြလို၊ စသည့်ဝါးမျိုးများမှရရှိသည့် မျှစ်များမှာ လူကြိုက်များသည့်မျှစ်များဖြစ်ကြသည်။ အာဟာရဓာတ်များအနေဖြင့် လတ်ဆတ်သောမျှစ်တွင် ရေဓာတ် ၈၈ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်း၊ ပရိုတင်း ၁ ဒသမ ၅ ရာခိုင်နှုန်း၊ အဆီဓာတ် သုည ဒသမ ၂၅ ရာခိုင်နှုန်းမှ သုည ဒသမ ၉၅ ရာခိုင်နှုန်း၊ သကြားဓာတ် သုည ဒသမ ၇၈ ရာခိုင်နှုန်းမှ ၅ ဒသမ ၈၆ ရာခိုင်နှုန်း၊ ကစီဓာတ် သုည ဒသမ ၆၆ ရာခိုင်နှုန်းမှ ၁ ဒသမ ၂၁ ရာခိုင်နှုန်းပါဝင်သည်။

**နှစ်စဉ်ဝင်ငွေတိုးတက်**

ကမ္ဘာတစ်ဝန်း ဝါးနှင့်ဝါးထွက်ပစ္စည်း ရောင်းဝယ်ဖောက်ကားမှုတန်ဖိုးသည် ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃၁ ဘီလီယံရှိခဲ့သည်။ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၂၃ ဘီလီယံထိရောက်ရှိမည်ဖြစ်ပြီး ဝါးဈေးကွက်၏ အရောင်းအဝယ်ဖြစ်မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်လာနေသည်။ ဝါးနှင့် ဝါးထုတ်ကုန်အမျိုးမျိုးတို့ကို ကမ္ဘာ့ဈေးကွက်သို့ အများဆုံးတင်ပို့နေကြသည့်နိုင်ငံများမှာ တရုတ်၊ ဗီယက်နမ်၊ နယ်သာလန်၊ အီးယူနှင့် ဒိန်းမတ်နိုင်ငံတို့ဖြစ်ကြသည်။

**နိုင်ငံတော်စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ ဝါးစိုက်ပျိုးကြပါစို့**

မြန်မာနိုင်ငံအနေဖြင့် ဝါးသယံဇာတကြွယ်ဝသောကြောင့် နိုင်ငံတော်စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဝါးကိုထိထိရောက်ရောက်အသုံးချသွားသင့်သည်။ လက်ရှိအချိန်တွင် ဝါးပရိဘောဂများ၊ ဝါးမီးသွေးထုတ်ကုန်များ၊ ဝါးချည်မျှင်များ၊ ဝါးဆောက်လုပ်ရေးပစ္စည်းများ၊ ဝါးထုပ်ပိုးကုန်ပစ္စည်းများသည် ကမ္ဘာ့ဈေးကွက်တွင် တင်ပို့ရောင်းချနေကြသည့် ဈေးကွက်ဝင်ပစ္စည်းများအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် ဝါးကို နည်းပညာအသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောများအဖြစ် ထုတ်လုပ်သွားနိုင်ရန်နှင့် ဝါးများကို အလွန်အကျွံ ထုတ်ယူသုံးစွဲနေခြင်းကြောင့် ဝါးတောများပြုန်းတီးမှု မဖြစ်ပေါ်စေရန်အတွက် ဝါးစိုက်ပျိုးရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်သွားရန် လိုအပ်သည်။

အမှန်တော့ မြန်မာနိုင်ငံရှိ ဝါးမျိုးစိတ်များသည် တနင်္သာရီတိုင်းဒေသကြီးမှသည် ကချင်ပြည်နယ်ထိ တောင်တန်းဒေသ၊ ကုန်းမြင့်ဒေသအပါအဝင် ဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် စနစ်တကျစိုက်ပျိုးသွားမည်ဆိုလျှင် အောင်မြင်မှုရရှိနိုင်သည်။ ထို့ပြင် အရည်အသွေးကောင်းမွန်သော ဝါးကုန်ကြမ်းများကို ပြည်ပနိုင်ငံများကလည်း ဝယ်ယူလေ့ရှိသဖြင့် အဆင့်မြင့်နည်းပညာများနှင့် အရည်အသွေးမြင့်စေသောဝါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုလျှင် နိုင်ငံခြားသို့ အမြောက်အမြားတင်ပို့နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစေပြီး နိုင်ငံတော်စီးပွားရေးတိုးတက်မှုကိုများစွာ အထောက်အကူပြုစေမည့် ဝါးကိုစနစ်တကျ စိုက်ပျိုးသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၃-၅-၂၀၂၆ ရက်နှင့် ၄-၆-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ။

# အသည်းရောင်အသားဝါရောဂါ(အေပိုး)အကြောင်း

ပေါက်ပေါက်

အသည်းရောင်အသားဝါရောဂါပိုးများမှာ အေပိုး၊ ဘီပိုး၊ စီပိုး၊ ဒီပိုး၊ အီးပိုး၊ အက်(ဖ်)ပိုးနှင့် ဂျီပိုးဟူ၍ အတိုကောက်ခေါ်ဆိုကြသည်။ အေပိုး၊ ဘီပိုး၊ စီပိုး သုံးမျိုးကလွဲ၍ ကျန်ပိုးလေးမျိုးကိုတွေ့ရခဲသည်။ ရောဂါပိုးများမှာ အဓိကအသည်းကိုတိုက်ခိုက်သည့် ပိုးဖြစ်သော်လည်း ကူးစက်ပုံခြားနားသည်။

ဤဆောင်းပါးတွင် အသည်းရောင်အသားဝါရောဂါ(အေပိုး)အကြောင်း သီးသန့်ဖော်ပြမည်ဖြစ်သည်။

အသည်းရောင်အသားဝါရောဂါ(အေပိုး)သည် အသည်းရောင်အသားဝါရောဂါပိုးများ၏ မိသားစုဝင်ပိုးတစ်မျိုးဖြစ်သည်။ အသည်းရောင်အသားဝါရောဂါဟုဆိုလိုက်လျှင် လူအများစုသည်အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုးရောဂါများကို အကျွမ်းတဝင်ရှိကြသော်လည်း အေပိုးကိုမူအမှုမဲ့အမှတ်မဲ့ဖြစ်လေ့ရှိသည်။

အသည်းရောင်အသားဝါရောဂါ(အေပိုး)သည် အလွယ်တကူကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်းဖြစ်ပွားနိုင်သည်။ ပုံမှန်အားဖြင့် ခံတွင်း၊ အစာအိမ်လမ်းကြောင်းနှင့် စအိုလမ်းကြောင်းတို့မှတစ်ဆင့်ပြန့်ပွားခြင်းဖြစ်သည်။ ရောဂါပိုးကူးစက်ခံရပါကကိုယ်ခံအားဖြင့် ပြန်လည်နာလန်ထူနိုင်သော်လည်း လုံလောက်သည့်ကုသမှုမခံယူပါက အသက်အန္တရာယ်ရှိနိုင်သောရောဂါမျိုးဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူဦးရေသန်းဆယ်ချီ၍ အေပိုးကူးစက်ခံကြရသည်။ အသက်အရွယ်မရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့်ကလေးများတွင်ပိုမိုဖြစ်ပွားတတ်သည်။


တိုးတက်ဆဲနိုင်ငံများနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုစံနှုန်းနည်းပါးသည့်နိုင်ငံများတွင် ကူးစက်နိုင်မှုနှုန်းသည်ပိုမိုများပြားပြီး၊ အများအားဖြင့် ငယ်ရွယ်စဉ်ကတည်းကကူးစက်ခြင်းခံရသည်။ နေ့စဉ်ဝင်ငွေမြင့်တက်လာမှုနှင့် သန့်ရှင်းရေးရရှိနိုင်မှုတို့သည် အေပိုးရောဂါကူးစက်ခြင်းကိုကျဆင်းစေသည်။ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါ(အေပိုး) ပြန့်ပွားပုံမှာ တိုးတက်ဆဲနိုင်ငံများတွင်ဖြစ်ပေါ်သည့်အတိုင်း သန့်စင်သောသောက်သုံးရေမရရှိခြင်း၊ ပိုးရှိနေသောမသန့်စင်သည့် အစားအသောက်များမှ စားသုံးသူသို့ကူးစက်ခြင်း၊ စနစ်တကျအိမ်သာများအသုံးမပြုခြင်းများမှ အဓိကရောဂါပြန့်ပွားကြသည်။ ထို့ကြောင့် မိုးရာသီတွင်အထူးသတိရှိကြဖို့လိုသည်။

**ရောဂါလက္ခဏာများ**

ရောဂါပိုးဝင်စတွင် လက္ခဏာတိတိကျကျမရှိဘဲ ဖျားခြင်း၊ အဆစ်နာခြင်း၊ အရေပြားတွင် အနီစက်များထွက်ခြင်း၊ ဖောရောင်ခြင်းဖြစ်တတ်သည်။အသားမဝါခင်အဆင့်တွင် နုံးခြင်း၊ ကိုယ်လက်နာခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းလျှောခြင်း၊ ဆီးအရောင်ရင့်ပြီး ဝမ်းအရောင်ဖျော့ခြင်းဖြစ်တတ်သည်။ အသားဝါအဆင့်တွင် မျက်လုံးနှင့် အရေပြားဝါခြင်း၊ အစားအသောက်ပျက်ခြင်းနှင့် ပျို့အန်မှုပိုမိုဆိုးရွားလာခြင်း၊ အရေပြားယားယံခြင်း ဖြစ်တတ်သည်။ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်သည်။အသည်းရောင်အသားဝါ(ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိတ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သည်။

**ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ**

အထူးသဖြင့် မသန့်ရှင်းသောလက်၊ အစားအသောက်၊ ရေနှင့်ပိုးရှိသူ၏မစင်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ ရောဂါပိုးရှိသူခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊ စင်ကြယ်စွာဆေးကြောမထားသည့် ဟင်းသီးဟင်းရွက်များနှင့် ကျက်အောင်မချက်ထားသော အသား၊ငါးများကိုစားသောက်မိခြင်း၊ မိလ္လာစနစ်



မကောင်းသည့်နေရာတွင် မသန့်ရှင်းသောရေကို သောက်မိခြင်း၊ အသည်းရောင်အသားဝါရောဂါ (အေပိုး)ရှိသူလူနာနှင့်အကာအကွယ်မဲ့ အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။ ရောဂါပိုးဝင်စမှ နောက်ထပ်ရက်သတ္တပတ်နှစ်ပတ်မှ ခြောက်ပတ်ကြာသည်ထိ တခြားသူကိုကူးစက်နိုင်သည်။

**ကာကွယ်နိုင်သည့်နည်းလမ်းများ**

ကာကွယ်ဆေးရှိသည်။ ခြောက်လကြားနှစ်ကြိမ်ထိုးနှံရမည်။ အဓိကလိုအပ်ချက်သည် အစားအသောက်သန့်ရှင်းရေးဖြစ်သည်။ အစားအသောက်မှကူးစက်နိုင်သည့်အတွက် အစားအသောက်တွေကို သန့်သန့်ရှင်းရှင်းထားပါ။ အစားအစာများကို ကျက်အောင်ချက်ပြုတ်စားပါ။ ပူပူနွေးနွေးစားပါ။ အစားအစာများကို ယင်လုံအောင်ဖုံးအုပ်ထားပါ။ အပြင်စာဝယ်စားမည်ဆိုပါက သန့်ရှင်းသည့်ဆိုင်ကို ရွေးချယ်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ။ အစားအစာများကိုမကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောခြင်းကို ဆောင်ရွက်ပါ။ ဆူပွက်သည်ထိ ကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြု၍ သန့်စင်ထားသည့်ရေသို့မဟုတ် FDA အသိအမှတ်ပြု သောက်ရေသန့်ကိုသာသောက်သုံးပါ။ ရေခဲအသုံးပြုပါကရေသန့်ရေခဲကိုသာအသုံးပြုပါ။အစားအစာများကိုအစိမ်းစားသုံးခြင်းမှရှောင်ကြဉ်ပါ၊ ယင်နားစာများကိုစားသုံးခြင်းမှရှောင်ကြဉ်ပါ။ အိမ်သာနှင့်မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ။ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ရန် အစားအစာရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားများဝါပြီးနောက် အနည်းဆုံး ၁၀ ရက် ကြာသည်ထိ အစားအသောက်ကိုင်တွယ်ရောင်းချခြင်းကိုရပ်နားပါ။

**အသည်းရောင်အသားဝါရောဂါ(အေပိုး)အတွက် အကောင်းဆုံးဓာတ်စာများ**

အသည်းရောင်အသားဝါရောဂါ (အေပိုး)သည် အသည်းကို ယာယီရောင်ရမ်းစေသည့်အတွက် ထိုအချိန်မှာအသည်းကို အလုပ်သိပ်မလုပ်ရဘဲ အနားရစေနိုင်သော၊ အဆိပ်အတောက်ပြေစေသော အစားအစာ (ဓာတ်စာ)တွေကို ရွေးချယ်စားသောက်ရန်လိုအပ်သည်။ ထို့ကြောင့် အသည်းပြန်လည်ကောင်းမွန်လာစေဖို့အတွက် အကောင်းဆုံးဓာတ်စာများနှင့် လိုက်နာရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

လွယ်လွယ်ကူကူကြေညက်စေမည့် ကာဘိုဟိုက်ဒရိတ်မှီဝဲပါ။ အသည်းရောင်နေချိန်မှာ ခန္ဓာကိုယ်က အင်အားကုန်ခန်းလွယ်သည်။ ကြေညက်လွယ်ပြီး အင်အားချက်ချင်းဖြစ်စေသည့် ဆန်ပြုတ်၊ စွပ်ပြုတ်၊ ပေါင်မုန့်၊ အာလူးပြုတ်တို့ကိုစားပါ။ သဘာဝအချိုဓာတ်နှင့်ဗီတာမင်များမှီဝဲပါ။ ကြံရည် (သန့်ရှင်းလတ်ဆတ်ရန်အလွန်အရေးကြီးသည်)။ အုန်းစိမ်းရည်၊ လတ်ဆတ်သောသစ်သီးဖျော်ရည်များ (ပန်းသီး၊ စပျစ်၊ ဖရဲသီး)တို့က အသည်းကိုအားရှိစေပြီး အသားဝါခြင်းကို လျှင်လျှင်မြန်မြန်သက်သာစေသည်။ပရိုတင်းမှီဝဲပါ။ အသည်းဆဲလ်တွေပြန်လည်ပြုပြင်ဖို့ ပရိုတင်းလိုအပ်သည်။ သို့သော် ဆီများခြင်းကိုရှောင်ပါ။ ကြက်သား၊ ပြုတ်ထားသည့် ငါး၊ ပဲပြုတ်စသည်တို့ကို အနည်းငယ်စီကျွေးပေးနိုင်သည်။ အရည်များများသောက်ပါ။ ရေ၊ ဓာတ်ဆားရည်၊သစ်သီးဖျော်ရည်စသည်တို့ကိုတစ်နေ့တာလုံး အကြိမ်ရေခွဲ၍ ခပ်စိပ်စိပ်သောက်ပေးခြင်းက ခန္ဓာကိုယ်ထဲကပိုးမွှားနှင့်အဆိပ်အတောက်တို့ကို ဆီးကတစ်ဆင့် မြန်မြန်ဆန်ဆန်စွန့်ထုတ်ပေးနိုင်သည်။

**အသည်းရောင်အသားဝါရောဂါ(အေပိုး)အတွက် ရှောင်ကြဉ်ရမည့်အစားအစာများ**

ဆီကြော်မုန့်များ၊ အဆီများသောအသားများ၊ ဟင်းချက်ဆီ အလွန်အကျွံသုံးထားသောဟင်းများက အသည်းကိုပို၍ရောင်စေပြီး အော့အန်ခြင်းကိုဖြစ်စေသည်။ အယ်လ်ကိုဟော(အရက်၊ဘီယာ)တို့က အသည်းကို တိုက်ရိုက်ပျက်စီးစေသည့်အတွက် လုံးဝ(လုံးဝ) မသောက်ရ။ အပူအစပ်နှင့် ငန်လွန်းသောအစားအစာများ၊ ငရုတ်သီး၊ မဆလာ၊ အချိုမှုန့် အလွန်အကျွံပါသောအစားအစာများနှင့် အမှည့်လွန်သောအစားအစာများကိုရှောင်ပါ။ ပင်လယ်စာနှင့် မကျက်တကျက်အသားများကိုရှောင်ပါ။ အသည်းရောင်နေချိန်မှာ ခုခံအားကျနေတတ်သဖြင့် ဘက်တီးရီးယားထပ်မံမဝင်စေဖို့ အသား၊ငါးတွေကို ကျက်အောင်ချက်စားရမည်။

**အသည်းရောင်အသားဝါရောဂါ(အေပိုး)အတွက် အထူးလိုက်နာရန်အကြံပြုချက်များ**

အသည်းရောင်အသားဝါဖြစ်လျှင် ပျို့အန်ချင်စိတ်ရှိတတ်သဖြင့် တစ်ခါတည်းအများကြီးမစားဘဲ တစ်နေ့လျှင်ငါးကြိမ်သို့မဟုတ် ခြောက်ကြိမ်ခွဲပြီး နည်းနည်းစီစားပေးပါ။ဆရာဝန်ညွှန်ကြားချက်မပါဘဲဆေးမသောက်ရ။ တိုင်းရင်းဆေးများ၊ အားဆေးများနှင့် ပါရာစီတမောအပါအဝင် အကိုက်အခဲပျောက်ဆေးများကို ဆရာဝန်၏ခွင့်ပြုချက်မရဘဲ သောက်ခြင်းက အသည်းကိုပိုမိုပျက်စီးစေနိုင်သည်။ အနားယူပါ။ အသည်းပြန်ကောင်းဖို့အတွက် အိပ်ရေးဝဝအိပ်ရန်နှင့် လူပင်ပန်းမည့်အလုပ်တွေ မလုပ်ဘဲ အနားယူဖို့အလွန်အရေးကြီးသည်။

အချုပ်ဆိုသော် အသည်းရောင်အသားဝါရောဂါ (အေပိုး)ရှိသူလူနာအများစုက ပျမ်းမျှရက်သတ္တပတ် အနည်းငယ်သို့မဟုတ် လအနည်းငယ်အတွင်း အလိုအလျောက် ပြန်လည်ကောင်းမွန်သွားလေ့ရှိသည်။နောက်ဆက်တွဲဆိုးကျိုးများလည်းမကျန်ရစ်ပေ။ သို့သော်အလွန်မှိန်းနေခြင်း၊ လုံးဝစားမဝင်ဘဲ အန်နေခြင်း၊ဗိုက်အလွန်အမင်းနာခြင်းများရှိလာပါက ဆရာဝန်နှင့်ချက်ချင်းပြသဖို့လိုအပ်သည်။ ကိုယ်ဝန်ဆောင်များအတွက်စိုးရိမ်ရသဖြင့် သတိရှိစေလိုသည်။ ထို့ပြင် အလွယ်တကူကူးစက်တတ်၍ အခန့်မသင့်လျှင် အစုလိုက်အပြုံလိုက် ကပ်ရောဂါအသွင်ဖြစ်ပွားတတ်သဖြင့် မပေါ့ဆဖို့လိုသည်။

မိမိတို့လက်တစ်ကမ်းတွင်အသည်းရောင်အသားဝါရောဂါ (အေပိုး)များရှိနေနိုင်သည်။ တချို့သူများတွင် ရောဂါပိုးရှိလျှင် သိသိသာသာလက္ခဏာမပြ၍ သတိမထားမိခြင်းသာဖြစ်သည်။ ရောဂါရှိ၊ မရှိကို ဆေးစစ်ကြည့်လျှင်သိနိုင်သည်။ သို့ပါ၍ ဖျားခြင်း၊ နုံးခွေခြင်း၊ အရေပြားနှင့်မျက်သားဝါခြင်းစသည့် အသည်းရောင်အသားဝါရောဂါ (အေပိုး)လက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသရန်သတိပေးလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၈၆ ဧက ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၅၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင် စိုက်ပျိုးခဲ့ရာယနေ့တွင် ၂၄၈၆ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ စားဖိုဆောင်သီးနှံ ၂၅၂၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၄၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးစသည့် အသိပညာပေး လုပ်ငန်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ်၌ သဘာဝဘေးအန္တရာယ် လျှော့ချရေး အသိပညာပေးအခမ်းအနားကျင်းပ

**ပျော်ဘွယ် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေး အသိပညာပေး အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်းခွဲ (ရွှေပြည်ရန်နိုင်)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က ယနေ့ကျင်းပသည့် အခမ်းအနားသည် ကျောင်းသား၊ ကျောင်းသူများအတွက် လွန်စွာအသုံးဝင်သည့် အခမ်းအနားဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မျိုးက သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေးအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ မိမိကိုယ်တိုင်နှင့်မိမိပတ်ဝန်းကျင်ကို အကူအညီပေးနိုင်မည့် ဗဟုသုတများကို ရှင်းလင်းဆွေးနွေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်နွဲ့က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆိုပါအသိပညာပေး အခမ်းအနားမှ စနစ်တကျလေ့လာသင်ယူနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများကို မီးသတ်ဆေးဘူး အသုံးပြုနည်း၊ မီးငြိမ်းသတ်သည့် ပစ္စည်းများ မှန်ကန်စွာရွေးချယ်နည်း၊ စောင်ဖြင့် လူနာထမ်းစင်ပြုလုပ်နည်း၊ ရှေးဦးသူနာပြုစုနည်း စသည့် အကြောင်းအရာများကို လက်တွေ့သရုပ်ပြရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ညွန့်၊ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**









## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ မင်းတံတားရပ်၊ ဦးကျော်ရင်လယ်ကွက်ရပ်၊ မြေကွက်အမှတ်(၂)အား ဦးကျော်ဝင်းအမည်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ မင်းတံတားရပ်၊ ဦးကျော်ရင်လယ်ကွက်ရပ်၊ မြေကွက်အမှတ်(၃)အား ဦးတင်စန်းအောင် အမည်ဖြင့်လည်းကောင်း မြေနေရာချထားရေးကော်မတီ၏ (၁၂-၇-၉၁)၊ အစည်းအဝေးအမှတ်စဉ် (၇/၉၁)၊ ချထားရေးမြေကွက်စာရင်းအရ ချထားပေးသော မြေကွက်များ ဖြစ်ပါသည်။ အဆိုပါမြေကွက်များအား မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ရှမ်းပွဲရပ်နေ ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမြတ်သူ(၉/မကန(နိုင်)၁၀၂၈၆၈)ကိုင်ဆောင်သူမှ အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆို၍ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်များအား ကျွန်ုပ်မိတ်ဆွေ ဦးကောင်းမြတ်သူ အမည်ဖြင့် ဂရန်အသစ်လျှောက်ထားရန်အတွက် မြေပုံမြေရာဇဝင် (၁၀၅၊ ၁၀၆) ရေးကူးသွားမည်ဖြစ်ပါသည်။ အဆိုပါမြေပုံမြေရာဇဝင်(၁၀၅၊ ၁၀၆) ရေးကူးခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေပုံမြေရာဇဝင် (၁၀၅၊ ၁၀၆) ရေးကူးခြင်းကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင့်သူ**
**အထက်တန်းရှေ့နေ(စဉ်-၄၉၁၈၀)**
**လမ်း ၈၀၊ ၄၂ x ၄၃ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**09-767919826၊ 09-409066460**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျော်ကြားကိုယ်ပိုင် အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော (ဘ)ဦးဟန်ဝင်းအောင်၏သမီးများဖြစ်သော အဋ္ဌမတန်းမှ မပြည့်မွန်ဝင်း၊ မပြည့်မွန်သင်းတို့၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ (၆-၆-၂၀၁၂)ဖြစ်ပါကြောင်း။

**မပြည့်မွန်ဝင်း(၆-၆-၂၀၁၂)၊ မပြည့်မွန်သင်း(၆-၆-၂၀၁၂)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသာ (ဘ) ဦးရယ်ဒမ်းဝမ်ဒီး (ခ) ယောဟန်၏သမီး **ဒေါ်ရယ်ဒမ်းဝမ်အက်စ်ထွေ (ခ) ဒေါ်အက်စ်ထွေ** (အကြိုးတန်းစာရေး)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ရယ်ဒမ်းဝမ်အက်စ်ထွေ (ခ) ဒေါ်အက်စ်ထွေ(၁/ပတအ(နိုင်)၀၄၇၇၂၂)**

## ပျောက်ဆုံးကြောင်း


ကွတ်ခိုင်မြို့၊ ရပ်ကွက်(၃)နေ ဒေါ်ရန်ဆိုက်ချင် (ဘ) ဦးရန်ဆွေဖာ(၁၃/ကခန(နိုင်)၀၃၆၅၈၀)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-782566474

**အဖိုးတန် ရေချိုကို ချွေတာပါ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြှိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ် သို့ လှဲချ၍ ခန္ဓာကိုယ်ကို လိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြှိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြှိမ်းသတ်ပါ။( ရေဖြင့်မငြှိမ်းရ)

၄။ လျှပ်စစ် ဓါတ်ယာရှော့ဖြစ်ခြင်း။
- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြှိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြှိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။
- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



## မီးငြိမ်းပြီးပါက ပြုလုပ်ရန်အချက်များ။



၁။ မိသားစုဝင်များကို စုံ၊မစုံစစ်ဆေးပါ။

၂။ ထိခိုက်ဒဏ်ရာရသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာန၏ ခွင့်ပြုချက်ရရှိမှသာ မီးလောင်ပြီးသောအဆောက်အအုံအတွင်းသို့ဝင်ပါ။

၄။ လုံခြုံရေးအစီအမံများအတွက် ကူညီဆောင်ရွက်ပါ။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးမြို့တွင် ကျင်းပသည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

## ဝါစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဝါစိုက်တောင်သူများနှင့် တာဝန်ရှိသူများအနေဖြင့် တစ်ဧကပေါ်ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်းထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၂

ပြည်တွင်းဝါစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရန်ရည်ရွယ်၍ ကျင်းပသည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူအစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၁၂

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့်ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသော နည်းလမ်းဖြင့်

စာမျက်နှာ ၂၃ ကော်လံ ၁ ■



အင်္ဂလန်အသင်းနှင့် နော်ဝေအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၂ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင်ကိုးထပ်အဆောက်အအုံဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၂

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်

စာမျက်နှာ ၂၃ ကော်လံ ၁ ●

## ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် အင်္ဂလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ နိုင်ပွဲများရရှိပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်

ဝါရှင်တန် ဇူလိုင် ၁၂

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ အင်္ဂလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ နိုင်ပွဲများရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် နော်ဝေအသင်းတို့

စာမျက်နှာ ၂၂ ကော်လံ ၄ ❖

**ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နိုစကိုဗာ ဆွတ်ခူး**

စာမျက်နှာ - ၈